ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 6 March 2023 ၁၁၀၃၁

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဇဓမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ထိုင်းနိုင်ငံမှ ဆရာတော် Somdet Phramahathirachan ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မတ် ၅**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ် အတွင်းရှိ သာသနဝ္ဓမဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကပါလနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရတို့အမှူးပြုသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း ပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ယနေ့ ဖတ်စရာ

**ညီညာမှ ပြည်သာမည်**

ဆောင်းပါး စာမျက်နှာ » ၆

**မိုဘိုင်းဖုန်းတီထွင်သူ၏ စိုးရိမ်မှုနှင့် အနာဂတ်မျှော်လင့်ချက်**

စာမျက်နှာ » ၁၆



**သဘာဝအလှနှင့် ဇီဝမျိုးစုံမျိုးကွဲများစုံလင်ရာ အာဆီယံအမွေအနှစ် အင်းလေးကန် ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း**

ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# လောင်စာစွမ်းအင်အစားထိုး မော်တော်ယာဉ်ကဏ္ဍသစ်စတင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်များအသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက Pilot Project ကို အကောင်အထည်ဖော်နေသည်။ အဆိုပါစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းခြင်းနှင့် အားသွင်းဌာနများ တည်ဆောက်ခြင်းတို့အား တစ်ပြိုင်တည်း အကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရသည်။

ပြီးခဲ့သည့်ရက်က ရန်ကုန်မြို့ ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိလာသော လျှပ်စစ်သုံးယာဉ် ၁၉ စီးနှင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ရောက်ရှိလာသော လျှပ်စစ်သုံးယာဉ် အစီး ၃၀ တို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ရာ ပြည်တွင်းလျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောက်ခွန်ကင်းလွတ်သက်သာခွင့်ရခဲ့ကြောင်း သိရသည်။ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အရေးပါသည့် အားဖြည့်သွင်းရုံ(Charging Station)များကို တည်ဆောက်အကောင်အထည်ဖော်နေသည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်၌ လျှပ်စစ်သုံးယာဉ်များ လွယ်ကူလျင်မြန်စွာ အားဖြည့်သွင်းနိုင်ရေးအတွက် အားဖြည့်သွင်းရုံကို နေပြည်တော်သပြေကုန်းဈေးတွင် ပထမဆုံးစတင်ဖွင့်လှစ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည့် လျှပ်စစ်သုံးမော်တော်ယာဉ်စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူများကြားတွင် အမျိုးမျိုးဝေဖန်သုံးသပ်ချက်များရှိနေမည်ဖြစ်သည်။ မည်သို့ပင်ရှိသည်ဖြစ်စေ လက်ရှိအသုံးပြုနေသော လောင်စာဆီသုံး အင်ဂျင်ကားများနှင့် လျှပ်စစ်ကားများ၏ ကွာခြားချက်၊ အားသာချက်တို့ကိုသိရှိလျှင် လက်ရှိကာလ ကြုံတွေ့နေရသည့် လောင်စာစွမ်းအင်အခြေအနေများနှင့် အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့်အခြေအနေများကို ချင့်ချိန်ဆောင်ရွက်နိုင်ပေသည်။ လက်ရှိတွင် ပြည်ပမှတင်သွင်းနေရသည့်လောင်စာဆီများမှာ နိုင်ငံခြားငွေကြေးမြင့်တက်မှုနှင့် နိုင်ငံတကာစွမ်းအင်အကျပ်အတည်းနှင့်စိန်ခေါ်မှုများကြောင့် အခက်အခဲများရှိနေသည်။

လျှပ်စစ်ယာဉ်များ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းကျဆင်းစေခြင်း၊ လောင်စာဆီသုံးယာဉ်များတွင် မောင်းနှင်အသုံးပြုနိုင်ရန် စွမ်းအင်ဖြစ်ပေါ်ရေးအတွက် လောင်ကျွမ်းမှုမှ ဖြစ်ပေါ်လာသော အဆိပ်ဓာတ်ငွေ့ ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် လူ၊ သတ္တဝါများနှင့် သစ်ပင်များ ထိခိုက်ပျက်စီးရမှုမှ ကင်းလွတ်စေခြင်း၊ လျှပ်စစ်ယာဉ်များသွားလာရာတွင် လောင်စာစွမ်းအင်ယာဉ်များကဲ့သို့ ဆူညံသံများမဖြစ်ပေါ်စေခြင်းနှင့် လျှပ်စစ်ယာဉ်များမောင်းနှင်ရန် လိုအပ်သည့်စွမ်းအင်ရရှိစေရေး စုဖွဲ့တည်ဆောက်ထားသည့် ပစ္စည်းအစိတ်အပိုင်းအုပ်စု ပါဝင်မှုနည်းပါးခြင်း၊ လွယ်ကူရှင်းလင်းပေါ့ပါးသည့်အတွက် လက်ရှိယာဉ်များကဲ့သို့ ရှုပ်ထွေးများပြားပြီး လေးလံသည့် အင်ဂျင်အုပ်စု စုဖွဲ့တည်ဆောက်ထားမှုမရှိခြင်း၊ လျှပ်စစ်သုံးယာဉ်ကို ပေါ့ပါးစွာတည်ဆောက်ထားသဖြင့် ပျက်စီးချို့ယွင်းမှုကို ခံနိုင်ရည်ရှိပြီး ပြုပြင်ထိန်းသိမ်းရန် လွယ်ကူသောကြောင့် ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ် လျော့နည်းစေခြင်းအကျိုးများရှိပါသည်။

လျှပ်စစ်သုံးယာဉ်သည် ပေါ့ပါးသဖြင့် ကမ္ဘာမြေ၏ဗဟိုချက် ဆွဲငင်အားကြောင့် အရှိန်ဖြင့်ကွေ့ရာတွင် တိမ်းမှောက်မှုမှ ကာကွယ်နိုင်ခြင်း၊ ကားဘီးများပွန်းစားမှုနည်းသောကြောင့် ကားဘီးသက်တမ်းရှည်ကြာပြီး ကုန်ကျစရိတ်လျော့နည်းစေသည်။ ဈေးကြီးသည့် နိုင်ငံခြားဖြစ် စက်သုံးဆီအပြင် အင်ဂျင်ဝိုင်အစရှိသည့် ချောဆီများကို မလိုအပ်တော့သဖြင့် ကုန်ကျစရိတ် များစွာသက်သာစေသည်။ မော်တော်ယာဉ်တွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုထားသဖြင့် အီလက်ထရွန်နစ်နည်းပညာများဖြင့် အဆင့်မြင့်စွာအသုံးပြုနိုင်သည်။ များသောအားဖြင့် ပြည်သူတို့ထင်မှတ်နေသောအချက်မှာ စွမ်းအင်ပြန်လည်ဖြည့်သွင်းခြင်း ခက်ခဲမည်ဟူသောအချက်ဖြစ်သည်။

အမှန်တကယ်တွင် လျှပ်စစ်သုံးမော်တော်ယာဉ်များအတွက် စွမ်းအင်ကို အလျင်အမြန်ဖြည့်သွင်းနိုင်ရေး အားဖြည့်သွင်းရုံ (Charging Station)များ တည်ဆောက်နေခြင်းဖြစ်သည်။ လျှပ်စစ်ဓာတ်အားကို ပုံမှန်ဖြည့်သွင်းနိုင်သည့် သမားရိုးကျနည်းလမ်းများလည်းရှိသည်။ လူများအနေဖြင့် လျှပ်စစ်စွမ်းအင်ယာဉ်များ တွင်ကျယ်လာပါက လက်ရှိမော်တော်ယာဉ်များ တန်ဖိုးအတွက် စိုးရိမ်ပူပန်နေဟန်ရှိသည်။ မည်သို့ပင်ရှိသည်ဖြစ်စေ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်သည် နိုင်ငံတကာတွင် တွင်ကျယ်စွာအသုံးပြုနေကြပြီး မြန်မာနိုင်ငံတွင်လည်း တွင်ကျယ်စွာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် လျှပ်စစ်မော်တော်ယာဉ်စီမံကိန်းသည် လူသတ္တဝါတို့၏ ကျန်းမာရေး၊ ပြည်သူတို့၏ ငွေကြေးကုန်ကျမှုတို့ကို လျှော့ချဆောင်ရွက်နိုင်မည်ဖြစ်၍ လျှပ်စစ်သုံးယာဉ်စီမံကိန်း အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၅

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွန်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်း၌ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာသာသနာလင်္ကာရ စာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ထန်းတပင်တောရကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပထမဂန္ဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာရင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နေနတ်သားပရိယတ္တိစာသင်တိုက်၊ တာမွေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေညောင်ပင်ကျောင်းတိုက်နှင့် သဃ်ၤန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံပထမရွှေကျင်ကျောင်းတိုက်နှင့် သာကေတပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သာသနာ့ဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဝေဠုဝန်တိုက်သစ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ နန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်ၤန်းကျွန်းမြို့နယ်ရှိ စစ်ကိုင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မင်္ဂလာဂူစဝ်စံထွန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သာသနဝံ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သိရိန္ဒ မဟာထေရ်က သမ္မောဒနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်ကြသည့် သီရိလင်္ကာနိုင်ငံမှဆရာတော် Most Venerable Prof. Kumburugamuwe ၊ ထိုင်းနိုင်ငံမှ ဆရာတော် Somdet Phramahathirachan နှင့် မဟာစည်ဆရာတော်ကြီး ဘဒ္ဒန္တ သောဘန(ကိုယ်စား) ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေမင်းဝံ သာသနာ့ရိပ်သာဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘနတို့ထံ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ နဂါးကျောင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း ဒေသကြီး သာသနဝံ့မဏ္ဍိုင် ပါဠိတက္ကသိုလ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တသိရိန္ဒထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရ ဦးအောင်တိုးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မိုးကောင်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု စန္ဒာရာမသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ယုစန္ဒာထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရ ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကွေးမြို့ ခေမာသိရီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်နန္ဒမာလာ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

☆ **စာမျက်နှာ ၃ မှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်ကြသည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ နဂါးကျောင်းစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသနှင့် မိုးကုတ်ဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလ (ကိုယ်စား) ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏာသိင်္ဂီ မိုးကုတ် ဝိပဿနာဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယန တို့ထံ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် စာသင်တိုက်ဆရာတော်ဘဒ္ဒန္တ သိရိန္ဒ ထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရွှေတောင်ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယ ထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

**ဆက်ကပ်ပူဇော်**

ဆက်လက်၍ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူ များက တိပိဋကရေဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အောင်မြေသာစံမြို့နယ် ဓမ္မဝိဟာရီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီနှင့် မိုးကောင်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု စန္ဒာရာမသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ယုစန္ဒာတို့ထံ လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မကွေးမြို့ ခေမာသိရီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်နန္ဒမာလာ ထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာသီရိသုဓမ္မ မဏိ ဇောတဓရဘွဲ့ ရရှိသူများဖြစ်ကြသည့် ဦးအောင်တိုး၊ ဒေါက်တာခင်မောင်ထွန်း၊ ဦးဇော်ဝင်းနှင့် ဦးမောင်မောင်တို့ကိုဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

**ချီးမြှင့်အပ်နှင်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူများဖြစ်ကြသည့် ဦးရဲထွန်း(ခ) ဦးရဲတင်ထွဋ်၊ ဦးလှအေး(ခ) ဦးအားတီနှင့် ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်တို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်သန်းသန်းနွဲ့၊ ဒေါ်မြသိန်း၊ ဒေါ်သင်းသင်းနှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိသည့် ဒေါ်နန်းမြင့်မြင့်ဝင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၏ ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်ခင်မာချိုနှင့် ဒေါ်အေးမြလွင် တို့ကိုလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ ဆရာတော်၊ သံဃာတော် ၄၀၃ ပါး၊ သီလရှင်ဆရာကြီး ၃၈ ပါးနှင့် လူပုဂ္ဂိုလ် ၄၂ ဦးတို့ကို သာသနာတော်ဆိုင်ရာ **စာမျက်နှာ ၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်မြသိန်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်အေးမြလွင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်း ပြည်ပ ဆရာတော်၊ သံဃာတော် ၄၀၃ ပါး၊ သီလရှင်ဆရာကြီး ၃၈ ပါးနှင့် လူပုဂ္ဂိုလ် ၄၂ ဦးတို့ကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့

✰ စာမျက်နှာ ၄ မှ

ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ပြီး ယနေ့ ကျင်းပသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၅ ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂ ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးအပါး ၃၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၅ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၃ ပါးနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ် ၁၄ ဦးတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ကျန်ရှိသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

### ဩဝါဒခံယူ

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရှိပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တော်အတွင်းရှိ ဧည့်ခန်းမ၌ ထိုင်းနိုင်ငံမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် Somdet Phramahathirachan အား ဖူးမြော်ကြည်ညို၍ သာသနာတော်ဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ယင်းနောက် ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဗုဒ္ဓဆင်းတုတော်များကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### ဆက်ကပ်လောင်းလှူ

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း စေတီတော်ပတ်လမ်းရှိ သက်ဆိုင်ရာ မဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ

မန္တလေး မတ် ၅

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်တွင် တစ်ရက်အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိဘုရား၊စေတီ၊ ပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ တပေါင်းပွဲတော်အစီအစဉ်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများသည် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြကာ မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီး၊ စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့တွင် ကုသိုလ်ပြုဆုတောင်းသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများနေကြသည်ကို တွေ့ရသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား ရင်ပြင်တော်၌ အဋ္ဌမ အကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊



ရွှေစာရံစေတီတော်၏ (၇၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တို့ကို ကျင်းပလျက်ရှိရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

မန္တလေးမြို့ဒေသခံတစ်ဦးဖြစ်သူ ကိုရဲက "နံနက်ပိုင်းကတည်းက မိသားစုနဲ့အတူ ဘုရားတွေကို လိုက်လံဖူးမြော်နေတာပါ။ ဘုရားစေတီတွေမှာ ဘုရားဖူးလာပြည်သူတွေကို စည်စည်ကားကား တွေ့မြင်ရတဲ့အတွက် စိတ်အေးချမ်းပျော်ရွှင်မိပါတယ်။ ညပိုင်းမှာ ဆီမီးထွန်းညှိပူဇော်ပွဲတွေကိုလည်း သွားရောက်ပါဝင်ဆင်နွှဲသွားဦးမှာပါ။ နောက်ပြီး ခေတ်ပေါ်တီးဝိုင်းတွေနဲ့ မြို့မအဖွဲ့ရဲ့ တီးခတ်ဖျော်ဖြေမှုရှိတယ်လို့လည်း သိရတဲ့အတွက် သွားရောက်ဆင်နွှဲမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အလားတူ ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တပေါင်းလပြည့်နေ့ မြန်မာ့ရိုးရာ တပေါင်းပွဲတော် အစီအစဉ်အနေဖြင့်ကျုံးအရှေ့ဘက်ခြမ်းရှိ ရတနာပုံဥယျာဉ်၌ ညနေ ၅နာရီခွဲမှ ည ၉နာရီခွဲအတွင်း တပေါင်းလပြည့်ပွဲတော် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် စတုဒိသာအကျွေးအမွေးများအပြင် ကျောက်ဆည်ဆင်အကအဖွဲ့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများအကအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခေတ်ပေါ်တီးဝိုင်းနှင့် ပန်တျာကျောင်း သမီးပျိုများတင်ဆက်မှု၊ မြို့မတီးဝိုင်း၊ DJတီးဝိုင်းတို့ဖြင့် ထူးခြားဆန်းသစ်စွာ တင်ဆက်ကြရာ လာရောက်ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ညီညာမှ ပြည်သာမည်

ဇာနည်ဘွား

မြန်မာနိုင်ငံသည် သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှုနှင့်အတူ စားရေရိက္ခာပေါများသည်။ စားရေရိက္ခာပေါများမှုကြောင့် အသက်မွေးဝမ်းကျောင်းမှုလည်း လွယ်ကူပေ့ါပါးသည်။

ကမ္ဘာ့နိုင်ငံအများစုနှင့်ယှဉ်လျှင် မြန်မာ့မြေသည် ရေကြည်ရာမြက်နုရာဖြစ်နေသောကြောင့် ခေတ်အဆက်ဆက် အနောက်ကလည်း လာကြသည်။ အရှေ့ကလည်း လာကြသည်။ တရားဝင်လည်း လာကြသည်။ တရားမဝင်လည်း လာကြသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ စစ်ကြိုခေတ်ကတည်းက အနောက်အရပ်မှလာပြီး မြေပိုင်ရှင်ဖြစ်လာခဲ့သူတစ်ဦးက "ကျွန်တော်တို့ပြည်မှာ အားကြီးဆင်းရဲတယ်။ ဗမာပြည်က ပိုက်ဆံရှာရတာဟာ ငှက်ပျောပင်ကို ခုတ်ရသလိုပဲ။ လွယ်ကူတယ်လို့ ကြားတယ်။ ဒါနဲ့ အားကြီးလာချင်တာ။ နောက်တော့မှ အဆက်အသွယ်ရပြီး ဗမာပြည်ကိုသွားတဲ့သင်္ဘော ဝမ်းခေါင်းထဲက ဂုန်နီအိတ်ထဲဝင်ပြီး လိုက်လာခဲ့တာပဲ။ ရန်ကုန်ရောက်တော့ ကူလီလုပ် ပိုက်ဆံရှာပြီး ငွေ ၁၀၀ နဲ့ ကိုယ့်ကိုယ်ကိုယ် ရွေးလိုက်ရတယ်။ အဲဒီနောက် ကျွန်တော်သွားချင်ရာသွား လုပ်ချင်ရာလုပ်နိုင်ပြီ။ ဒီလိုနဲ့ ကျွန်တော်ဗမာပြည်မှာ ပိုက်ဆံရှာဖွေခဲ့တာပဲ" ဟု ဆိုခဲ့ဖူးသည်။

### နှစ်နိုင်ငံချစ်ကြည်ရေး

မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းရန် အရှေ့အရပ်မှလာခဲ့သူ လုံမပျိုတစ်ဦးကလည်း "ဗမာပြည်ကို ရောက်လာတော့ သိပ်ဝမ်းသာတာပေ့ါ၊ ကျွန်မတို့ဟိုမှာက သိပ်ဆင်းရဲတာ၊ ဆန်ပြုတ်တောင် ဝအောင်သောက်ရတာမဟုတ်ဘူး၊ ဗမာပြည်မှာက အစားအစာလည်း သိပ်ပေါတာပဲ။ ပိုက်ဆံရှာရတာလည်း သိပ်လွယ်တာပဲလို့ကြားနေတာ" ဟု ဆိုသည်။ ယဉ်ကျေးမှုတော်လှန်ရေး လှိုင်းဂယက်ပြင်းထန်စွာ ရိုက်ခတ်ချိန်ကာလကလည်း ဆရာဝန်ဇနီးမောင်နှံနှစ်ဦး တစ်ဖက်နယ်စပ်မှတစ်ဆင့် ပြေးဝင်ခိုလှုံခဲ့ရာ ထိုစဉ်က အာဏာပိုင်အဖွဲ့အစည်းများက လူသားချင်းစာနာထောက်ထားမှုအရ ကနဦးပြုစုစောင့်ရှောက်ခဲ့ပါသော်လည်း နှစ်နိုင်ငံချစ်ကြည်ရေး မိတ်ဝတ်အရ ပြန်လည်လွှဲပြောင်းပေးခဲ့ရသည်။

နောက်ပိုင်းကာလများမှာတော့ မြန်မာသည် စီမံခန့်ခွဲမှုအားနည်းချက်များ၊ နိုင်ငံရေး အကျပ်အတည်းများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စိန်ခေါ်မှုများ အပါအဝင် အကြောင်းကြောင်းကြောင့် ဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည်။

မြန်မာသည် အတိတ်မှ အနာရွတ်များကို အပ်ဖြင့်ပြန်လည်တူးဆွ၍ အသစ်တစ်ဖန် အနာသစ်ပြန်မွေးနေချိန်၊ အနာဟောင်းကို ကြီးသည်ထက်ကြီးအောင် ပြန်လည်ကုတ်ခြစ် တူးဆွနေချိန်တွင် ဒေသတွင်းနိုင်ငံများသည် ကျားကုတ်ကျားခဲ ရှေ့သို့ အဟုန်ပြင်းစွာ ချီတက်နေလေသည်။

အထူးသဖြင့် ဗီယက်နမ်။ ဗီယက်နမ်သည် ၁၉၉၀ ကျော်လွန်နှစ်များတွင် မြန်မာနှင့် မရှေးမနှောင်း တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို စတင်အကောင်အထည်ဖော်ပြုပြင်ပြောင်းလဲခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကနဦးကာလတွင် အာရှ၏ နောက်ဆုံးစားကျက်အဖြစ် ပေါ်ပေါက်လာသော မြန်မာ၏ဈေးကွက်ကို ကမ္ဘာ့နိုင်ငံများက စိတ်ဝင်တစား အလုံးအရင်းဖြင့်လာရောက် ရင်းနှီးမြှုပ်နှံခဲ့ကြပါသော်လည်း နိုင်ငံရေးအကျပ်အတည်းကြောင့် ပေါ်ပေါက်လာသော စီးပွားရေးပိတ်ဆို့မှုများကြောင့် အရှိန်သတ်သွားခဲ့ရလေသည်။

ပြိုင်ဘက် ဗီယက်နမ်နိုင်ငံကမူ ကွန်မြူနစ်စနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း တည်ငြိမ်သောနိုင်ငံရေးအခင်းအကျင်း၊ ကောင်းမွန်သော စီမံခန့်ခွဲမှု၊ ကောင်းမွန်သော ရေခံမြေခံတို့နှင့်အတူ နိုင်ငံသားတို့၏ ကြိုးစားအားထုတ်မှု၊ စည်းလုံးညီညွတ်မှုတို့ကြောင့် ဒေသတွင်းနိုင်ငံများကြားတွင် အရှိန်အဟုန်ဖြင့် လျင်မြန်စွာနိုးထလာသည်။

လက်ရှိကာလတွင် ဗီယက်နမ်သည် ၂၀၂၂ ခုနှစ် အာရှ၏စီးပွားရေးစွမ်းဆောင်ရည် အကောင်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ကိုဗစ်ကပ်ဘေးအလွန်ကာလတွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် အိမ်နီးချင်းတရုတ်နိုင်ငံ၏ အကျပ်အတည်းများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ဗီယက်နမ်နိုင်ငံထဲသို့ တစ်ဟုန်ထိုးစီးဝင်လာခဲ့သည်။

### ရင်းနှီးမြှုပ်နှံသူများကို မက်လုံးတစ်ခုဖြစ်စေခဲ့

၂၀၁၈ ခုနှစ်တွင် အမေရိကန်က တရုတ်သွင်းကုန်များအပေါ် အခွန်တိုးမြှင့် ကောက်ခံခဲ့ခြင်းကလည်း ဗီယက်နမ်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများကို တိုးပွားလာစေသည့် အကြောင်းတစ်ခု ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံအတွင်းမှ ကုမ္ပဏီအချို့သည် အနာဂတ် အခင်းအကျင်းအပေါ် သုံးသပ်၍ ဗီယက်နမ်သို့ပြောင်းရွှေ့မှုများရှိလာသည်။ ဗီယက်နမ်၏ ဈေးနှုန်းချိုသာသော လုပ်အားခကလည်း ရင်းနှီးမြှုပ်နှံသူများကို မက်လုံးတစ်ခုဖြစ်စေခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ အကျင့်ပျက်ခြစားမှု အဂတိတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ နှစ်ဦးနှစ်ဝ အကျိုးရှိစေရန် ပြင်ဆင်မွမ်းမံမှုများနှင့် ရေးဆွဲခဲ့သော အလုပ်သမားဥပဒေ စည်းမျဉ်းစည်းကမ်းများ စသည့် ကောင်းမွန်သော မူဝါဒများအပြင် ကောင်းမွန်သောလမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားစသည့် အခြေခံအဆောက်အအုံများကလည်း ပြည်ပနိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး စီမံကိန်းပေါင်း ၁၅၇၀ အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ၉ ဒသမ ၉ ဘီလီယံ ရှိလာသည်ဟု သိရသည်။ ပို့ကုန်သွင်းကုန် စုစုပေါင်းတန်ဖိုးအားဖြင့်လည်း ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာခဲ့ရာ တန်ဖိုးအားဖြင့် ၈ ဒသမ ၃ ဘီလီယံ ရှိသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ဗီယက်နမ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် ဂျီဒီပီသည် ခုနစ်ရာခိုင်နှုန်းအထိ ရှိလာနိုင်ကြောင်း ခန့်မှန်းခဲ့သည်။

### တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝပြီး ရေခံမြေခံကောင်းမွန်သော၊ စားရေရိက္ခာပေါများသော မြန်မာနိုင်ငံအနေဖြင့်မူ ယနေ့တိုင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီရန် ကြိုးပမ်းလုပ်ဆောင်နေရဆဲဖြစ်သည်။

> ဗီယက်နမ်သည် ၁၉၉၀ ကျော်လွန်နှစ်များတွင် မြန်မာနှင့်မရှေးမနှောင်း တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို စတင်အကောင်အထည်ဖော် ပြုပြင်ပြောင်းလဲခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကနဦးကာလတွင် အာရှ၏ နောက်ဆုံးစားကျက်အဖြစ် ပေါ်ပေါက်လာသော မြန်မာ၏ဈေးကွက်ကို ကမ္ဘာ့နိုင်ငံများက စိတ်ဝင်တစားအလုံးအရင်းဖြင့် လာရောက်ရင်းနှီးမြှုပ်နှံခဲ့ကြပါသော်လည်း နိုင်ငံရေးအကျပ်အတည်းကြောင့် ပေါ်ပေါက်လာသော စီးပွားရေးပိတ်ဆို့မှုများကြောင့် အရှိန်သတ်သွားခဲ့ရ

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ကွင်းဆက်ကျသော လုပ်ငန်းစဉ်များဖြစ်သည်။ ထိုကွင်းဆက်ကျသော လုပ်ငန်းစဉ်များကို ကွင်းဆက်မိမိ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အဖို့မှာလည်း မြန်မာတို့အတွက် ခေတ်အဆက်ဆက် ကြီးမားသော စိန်ခေါ်မှုများသာ ဖြစ်ခဲ့လေသည်။

မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ပေ။ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရှိမှသာနိုင်ငံ၏ အရင်းအမြစ်များကို အစွမ်းကုန်အသုံးချပြီး ဖွံ့ဖြိုးတိုးတက်မှုများအား ဆောင်ရွက်နိုင်ပေမည်။ ထိုအချက်ကို ဗီယက်နမ်အပါအဝင် ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်း တရုတ်နိုင်ငံတို့က သက်သေပြလျက်ရှိပေသည်။

တရုတ်ပြည် ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က "တရုတ်ပြည်ဟာ လူဦးရေဒီလောက်များပြီး အခြေခံက နည်းပါးလွန်းလှပါတယ်။ တည်ငြိမ်စည်းလုံးညီညွတ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မရှိရင် တည်ငြိမ်တဲ့လူမှုရေး အခြေအနေလည်း ရှိမှာမဟုတ်ဘူး။ ဘာမှလည်း လုပ်လို့ဖြစ်လာမှာမဟုတ်ဘူး။ တည်ငြိမ်ရေးက အရာရာကို လွှမ်းမိုးထားတယ်"ဟူ၍ ၁၉၈၉ ခုနှစ် အောက်တိုဘာလက အမေရိကန်သမ္မတဟောင်း နစ်ဆင်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ဖူးသည်။

၁၉၈၇ ခုနှစ်ဇွန်လ ၂၉ ရက်နေ့တွင် အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနှင့် တွေ့ဆုံစဉ်၌လည်း တိန့်က "ဒီနေ့ဒီအပိုင်းက လူတွေက လမ်းပေါ်တက်လိုက်၊ နောက်တစ်နေ့ ဟိုအပိုင်းက လူတွေက လမ်းပေါ်ထွက်လိုက်၊ တရုတ်ပြည်မှာ လူသန်းပေါင်း ၁၀၀၀ ရှိတယ်။ တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက်ရှိနေတာ နေ့တိုင်းပြဿနာရှိနေမယ်ဆိုရင် နေထိုင်မှုဘဝတွေကို ကျော်ဖြတ်နိုင်ပါ့မလား။ ဘယ့်နှယ်လုပ်ကိုယ်အားဉာဏ်အားထုတ် တည်ဆောက်ရေးတွေ လုပ်နိုင်ပါ့မလဲ။ ဒါကြောင့် ခင်ဗျားတို့ထောင့်ကနေ တရုတ်ပြည် ပြဿနာတွေကို ကြည့်လို့မဖြစ်နိုင်ဘူး။ တရုတ်ပြည်ရဲ့ အဓိကရည်မှန်းချက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်နောက်ကျမှုက ရုန်းထွက်ရေး၊ နိုင်ငံတော်ရဲ့အင်အား တိုးတက်လာစေရေးဖြစ်တယ်။ ပြည်သူလူထု နေထိုင်စားသောက်မှုဘဝ ပြည့်စုံကုံလုံလာစေရေးဖြစ်တယ်။ ဒီလိုကိစ္စတွေကို ဆောင်ရွက်ဖို့ဆိုရင် တည်ငြိမ်တဲ့ပတ်ဝန်းကျင်ရှိရမယ်။ တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မရှိရင် ဘာကိစ္စမှလုပ်လို့ မရနိုင်ဘူး" ဟု ဆိုခဲ့ပြန်သည်။

### ဒေသတွင်းပတ်ဝန်းကျင်နိုင်ငံများ

ဝမ်းနည်းစရာကောင်းသည်မှာ မြန်မာတို့သည် ဒေသတွင်းပတ်ဝန်းကျင်နိုင်ငံများ၏ သမိုင်းဖြစ်စဉ်များ၊ ၎င်းတို့ကြုံတွေ့ဖြတ်သန်းလာခဲ့သော အတိတ်ပစ္စုပ္ပန်သမိုင်းသင်ခန်းစာများ၊ နိုင်ငံရေးသံဝေဂများကို အများစုက လျစ်လျူရှုခဲ့ကြသည်။

မြန်မာသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ကွင်းဆက်ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာသည်နှင့်အမျှ မြန်မာလူငယ်အချို့ ပြည်ပနိုင်ငံများသို့ တရားဝင်ရော တရားမဝင်ပါ ထွက်ခွာလုပ်ကိုင် စားသောက်နေမှုများ၊ ယာယီတိုက်ပွဲရှောင်သူများ၊ ပရိယေသန ဝမ်းစာအလို့ငှာ ဖားရှာ၊ ငါးရှာ၊ ဟင်းသီးဟင်းရွက်ခူးရင်း မိုင်းထိခံရသည့် ဒေသခံပြည်သူအချို့၏ ကြေကွဲဖွယ်ရာ ဖြစ်ရပ်မြင်ကွင်းများကို မျိုးဆက်အလီလီ မြင်တွေ့ခံစားနေကြရပါဦးမည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယံ ပြောကြားခဲ့သည့် "မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်ပြီးကတည်းက ညီညွတ်တဲ့အမှတ်သညာတစ်ခု မတည်ဆောက်နိုင်ခဲ့ဘဲ လက်ရှိအနေအထားအရလည်း ပိုကောင်းလာဖို့မရှိဘူး" ဆိုသည့် သုံးသပ်ဝေဖန်ချက်ကလည်း မြန်မာတို့အဖို့ နာလိုခံခက် မခံချိမခံသာဖြစ်စေသည်။ အမှန်တကယ်အားဖြင့်လည်း မြန်မာတွေ ညီညာဖို့လိုပါသည်။

ညီညာမှ ပြည်သာပါလိမ့်မည်။ ။

> တရုတ်ပြည်ရဲ့ အဓိကရည်မှန်းချက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်နောက်ကျမှုက ရုန်းထွက်ရေး၊ နိုင်ငံတော်ရဲ့အင်အားတိုးတက်လာစေရေးဖြစ်တယ်။ ပြည်သူလူထု နေထိုင်စားသောက်မှုဘဝ ပြည့်စုံကုံလုံလာစေရေးဖြစ်တယ်။ ဒီလိုကိစ္စတွေကို ဆောင်ရွက်ဖို့ဆိုရင် တည်ငြိမ်တဲ့ပတ်ဝန်းကျင်ရှိရမယ်။ တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မရှိရင် ဘာကိစ္စမှလုပ်လို့ မရနိုင်ဘူး

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မြစ်ကြီးနား မတ် ၅

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ အံတော်ရှင်တောင်တန်းသာသနာပြုဇဟိုကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်သံဃနာယကအကျိုးတော်ဆောင် ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ဘွဲ့တံဆိပ်တော်ရသံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရာ တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ပြည်နယ်သာသနာရေးမှူးက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားကာ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရဆရာတော်တစ်ပါးက သမ္မောဒနီယဩဝါဒကထာ မြွက်ကြားကာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

**ဆက်ကပ်ပူဇော်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်က မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော်များကိုလည်းကောင်း၊ တိုင်းမှူးက ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာတော်များကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီးက သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော်များကို လည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်ရွှေစင်ထွန်းက ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ သီလရှင်ဆရာကြီးကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဒေါ်နန်းလှလှအေးက သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ သီလရှင်ဆရာကြီးကိုလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဦးဒီးဒုတ်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်ဆိုင်းက သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်သွဲ့လေးအောင်ကိုလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘုရားအမှူးပြုသော ပင့်သံဃာတော်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် သီလရှင်ဆရာကြီးများကို အံတော်ရှင်စေတီတော်ပုရိဝုဏ်အတွင်း၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံအလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။



# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Center ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) တိုင်းတာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးပေါ်ညိမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

"၁၉၆၀ ပြည့်နှစ် မတ် ၁၁ ရက်မှာ မန္တလေးက စတင်ပြီးတော့ သမားတော်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ရှေးသမားတော်ကြီးတွေရဲ့ ကျေးဇူးတရားကို မမေ့တဲ့ ဂုဏ်ပြုတဲ့ပွဲလည်းဖြစ်သလို တိုင်းရင်းဆေးလောကမှာ အထွတ်အမြတ်ထားရတဲ့ နေ့တစ်နေ့လည်းဖြစ်ပါတယ်။ ပူဇော်ထိုက်တဲ့သူကို ပူဇော်ခြင်း၊ ဂါရဝပြုအပ်တဲ့သူကို ဂါရဝပြုခြင်း၊ ပြုဖူးခဲ့တဲ့ကျေးဇူးတရားကို အောက်မေ့သတိရခြင်းဆိုတဲ့ (၃၈)ဖြာမင်္ဂလာတရားနဲ့အညီ ဒီကနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ခေတ္တရပ်နားခဲ့တာကလွဲပြီး ရန်ကုန်တိုင်းဒေသကြီးမှာ နှစ်စဉ်ကျင်းပလျက်ရှိပါတယ်" ဟု ရန်ကုန်တိုင်းတာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်းက ပြောသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပရေးကော်မတီအတွင်းရေးမှူး ဆရာကြီး ဦးစိုးတင့်က အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) တိုင်းဦးစီးဌာနမှူး ဆရာဦးတင့်လွင်က ကျေးဇူးတင်စကားပြောသည်။

ထို့နောက် သက်တော်ရှည်သမားတော်ကြီးများအား ပူဇော်ငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပြီး တက်ရောက်လာသူများက သမားတော်ကြီးများအား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

လင်းရာမ

# နေပြည်တော်၌ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၅

မြန်မာ့တိုင်းရင်းဆေး သမားတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီရုံးအဆောက်အအုံ ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ ဆရာကြီးဦးမြင့်ဦး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဆရာကြီးဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တိုင်းရင်းဆေး ဆရာကြီး ဆရာမကြီးကိုးဦးအား တက်ရောက်လာသော တိုင်းရင်းဆေး ဆရာ ဆရာမများက စုပေါင်းကန်တော့ခဲ့ကြကြောင်း သိရသည်။

ကြေးမုံ

# ဘီးလင်းမြို့နယ် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီ၌ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားလျက်ရှိ

ဘီးလင်း မတ် ၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ် စံပြကျေးရွာရှိ ကျိုက်ထီးဆောင်း ဆံတော်ရှင် စေတီမြတ်ကြီးတွင် ယနေ့ တပေါင်းလပြည့်နေ့တွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။



ဘီးလင်းမြို့နယ်တွင် ဘုရားထီးတော်တင်လှူခြင်း၊ ဘုန်းကြီးကျောင်းများ၌ ဥပုသ်သီလခံယူဆောက်တည်ခြင်း၊ စေတီပုထိုးများ၌ ဘုရားဖူးပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ကို ပြုလုပ်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


# နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် (၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား တက်ရောက်

တောင်ကြီး မတ် ၅

(၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ကန်ကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းတိုင်းရင်းသားများက ပအိုဝ်းအမျိုးသားအလံ သယ်ဆောင်၍ အလံကိုလွှင့်တင်ပြီး အလေးပြုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပအိုဝ်းအမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိရာ (၇၄)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ပအိုဝ်းအမျိုးသားနေ့ကို သာမန်ကျင်းပခြင်းမျိုးမဟုတ်ဘဲ ပိုမိုကျယ်ပြန့်သစ်လွင်သည့် အဓိပ္ပာယ်နှင့် အနှစ်သာရကို ဆောင်ယူမည့် နေ့ထူးရက်မြတ်အဖြစ် ပြောင်းလဲကျင်းပလာသည်ကို တွေ့ရှိရပါကြောင်း၊ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပအိုဝ်းတိုင်းရင်းသား ဒေသခံများအနေဖြင့် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးမှုရလဒ်အသီးအပွင့်များ ခံစားနေသည်ကိုလည်း များစွာဝမ်းမြောက်ဝမ်းသာဖြင့် တွေ့မြင်နေရပြီဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံး ညီညွတ်စွာနေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် မိမိတို့၏ ဘာသာ ဓလေ့ထုံးစံများကို အမြတ်တနိုးကျင့်သုံး လိုက်နာစောင့်ထိန်း နေထိုင်ကြသည့်အတွက် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို တိုင်းရင်းသားပြည်သူအပေါင်းက ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဦးအောင်ခမ်းထီထံမှ ပေးပို့သော သဝဏ်လွှာကို ပအိုဝ်းစာပေယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးခွန်မင်းကျော်က ဖတ်ကြားပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ (၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ ပွဲတော်အတွက် လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ရာ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်သို့တက်ရောက်လာကြသော ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သထုံမြို့နယ်၌ (၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား ကျင်းပ

သထုံ မတ် ၅

မွန်ပြည်နယ်အဆင့် (၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၅ ရက် နံနက်ပိုင်းက သထုံမြို့နယ် နောင်ကုလား ကျေးရွာရှိ ပအိုဝ်းအမျိုးသားဗိမာန်တော်၌ ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်၍ ကျင်းပသည်။



ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် သဘာပတိအဖွဲ့ဝင် ဦးခွန်မောင်သောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပအိုဝ်းတိုင်းရင်းသားများ၏ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ကို နက်နက်ရှိုင်းရှိုင်းမြတ်နိုးခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ခြင်းကြောင့် ယင်းအစဉ်အလာကို မျိုးဆက်သစ်လူငယ်မောင်မယ်များအား လက်ဆင့်ကမ်းအမွေ စနစ်တကျပေးအပ်နိုင်ရေး အလေးထားဆောင်ရွက်စေလိုပါကြောင်း၊ (၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့မှသည် အနာဂတ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်လျှောက်လှမ်းရာတွင် ပြည်နယ်၏အကျိုး၊ ပြည်ထောင်စုအကျိုးတို့ကို အခြားသောတိုင်းရင်းသားများနှင့် အတူ ဝိုင်းဝန်းသယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် (၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ ဂုဏ်ပြုသဝဏ်လွှာကို မွန်ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်ဦးက ဖတ်ကြားကာ နောင်ကုလားကျေးရွာဒေသခံတစ်ဦးက ပအိုဝ်းအမျိုးသားနေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပအိုဝ်းအမျိုးသားနေ့ကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်ရာ ပြည်နယ်ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် မတ် ၆ ရက်မှ မတ် ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မာန်အောင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကျင်းပ

မာန်အောင် မတ် ၅

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၆)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတို့ကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပသည်။



ပြိုင်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ယာယီရဲမှူး အောင်သန်းဝင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများကို ကျင်းပရာ မာန်အောင် မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၅ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ယာယီရဲမှူးအောင်သန်းဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွန်းနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများမှ ပြိုင်ပွဲဝင်ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပုံများကို ပြည်နယ်အဆင့်မှ ဆုများရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်

နေပြည်တော် မတ် ၅

နေပြည်တော်ကောင်စီမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



## တက်ရောက်ကြည်ညို

အခမ်းအနားသို့ နေပြည်တော်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပူဇော်ခံတော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံ့ချီ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်ကြီးထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် တပ်ကုန်းမြို့နယ် ငွေတောင်တောရပရိယတ္တိစာသင်တိုက် တိုက်အုပ်စာချနာယက ဘဒ္ဒန္တကောဏ္ဍည ဆရာတော်ထံမှ သမ္ဗောဒနီယ ဩဝါဒကထာကို ချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံ့ချီ ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံ့ချီ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံ့ချီ ဦးတင်ဦးလွင်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော် တပ်ကုန်းမြို့နယ် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် တိုက်အုပ်စာချနာယက ဆရာတော်ဘဒ္ဒန္တကောဏ္ဍည၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဒက္ခိဏသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လ စာသင်တိုက် ဆရာတော်ဘဒ္ဒန္တစာရိတ္တနှင့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ညောင်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတတို့ထံ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါ်မေမြင့်မောင်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး သီဟသုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော်ရ ဒေါ်မြင့်မြင့်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နေပြည်တော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရ မထေရ်မြတ်ထံမှ ဧည့်ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ရှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါး၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်အမျိုးသမီးတစ်ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို နေပြည်တော်ကောင်စီမှကြီးမှူး၍ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဖလမ်းမြို့၌ ဇမ္ဗူအေးစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဖလမ်း မတ် ၅

ချင်းပြည်နယ် ဖလမ်းမြို့၌ ဇမ္ဗူအေး စေတီတော်မြတ်ကြီးအား ခုနှစ်ရက်သားသမီးများ၏ ကောင်းမှုဖြင့် ရင်ပြင်တော် ကြွေပြား ကပ်လှူပူဇော်ခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်းတော် ပြန်လည်ဆက်ကပ် လှူဒါန်းခြင်း၊ နှစ်စဉ်အစဉ်အလာမပျက် ဗုဒ္ဓပူဇနီယ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာဆင်ယင်ကျင်းပခြင်းနှင့် ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းတို့အတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ဖလမ်းမြို့ နယ်မြေခံတပ်ရင်းရှိ ဇမ္ဗူအေး စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ဇမ္ဗူအေး စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာဆင်ယင် ကျင်းပသည်။ ထို့နောက် ဧည့်ပရိသတ်များက တမိုင်သာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တသုမန (မဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော် မူကြသည့် ပရိတ်တရားတော်များကို နာယူပူဇော်ကြည်ညိုကြပြီး သံဃာတော် အရှင်သူမြတ်တို့ထံ ဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်နှင့် နယ်မြေခံတပ်ရင်းမှူးတို့က လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။



ရဲမြင့်အောင်

# ချောင်းဆုံမြို့နယ်၌ ကျေးရွာအလိုက်ဘုရားပွဲများဖြင့် စည်ကား

ချောင်းဆုံ မတ် ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ တပေါင်းလဆန်း ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့တွင် ဒေါင်းဥကျေးရွာ၊ ဒေါင်းရပ်ကျေးရွာ၊ ဒရယ်ကျေးရွာနှင့် ကွမ်သဲကျေးရွာတို့တွင် ဘုရားပွဲ(ဧည့်သည်ခေါ်ပွဲ)များကို ကျင်းပခဲ့ပြီး ရပ်ဝေးရပ်နီးမှ လာရောက်ကြသည့် ဘုရားပွဲလာဧည့်ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ချောင်းဆုံမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၄၇ အုပ်စုရှိကာ ဘုရားပွဲကျင်းပရာတွင် ဘုရားပွဲလာရောက်သည့် ဧည့်သည်များအား အချိုရည်၊ မုန့်၊ စားဖွယ်များ၊ ထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးဧည့်ဝတ်ပြုကြပြီး ညနေပိုင်း ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ရွာဦးစေတီတော်တွင် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်ရွတ်ဖတ် ပူဇော်ခြင်းများ ပြုလုပ်ကာ ရွာစဉ်အလိုက်ကုသိုလ် အထူးပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

■



# ဆုတောင်းပြည့် ပါဠိတက္ကသိုလ်ကျောင်းတိုက် တည်ထောင်ခြင်း (၇၅) နှစ်ပြည့် စိန်ရတုအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်းလုံးပြန်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း ဆုတောင်းပြည့် ပါဠိတက္ကသိုလ်ကျောင်းတိုက် တည်ထောင်ခြင်း (၇၅) နှစ်ပြည့် စိန်ရတုအခမ်းအနားကို ယနေ့တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဆုတောင်းပြည့် ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တရေဝတာနန္ဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဂုဏပူဇာနှင့် နာယကတိုက်အုပ်ဆရာတော် နိုင်ငံတော်သံဃဝံသမ္ဗုတိရ ဘဒ္ဒန္တမေဓာဝီရာနန္ဒတက္ကသီလဓမ္မာစရိယ {B.A Buddhism} ဂန္ထဝါစကပဏ္ဍိတအား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဂုဏပူဇာ ကုသိုလ်မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

အလှူတော်မင်္ဂလာအခမ်းအနားသို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ပြည့်စုံဝင်း၊ ဆုတောင်းပြည့်စေတီတော် အကျိုးတော်ဆောင်အဖွဲ့၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ရုပ်ရှင်သရုပ်ဆောင် ပန်းလရောင်က ရွှေတိဂုံစေတီတော်နှင့် ဆုတောင်းပြည့်စေတီတော်၌ ရင်ငွေ့လှုံ အနေကဇာတင်ပြီး ဗုဒ္ဓရုပ်ပွားတော် ၁၁ ဆူကို ကံစမ်းမဲဖောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ သာကေတမြို့နယ် တိပိဋကာလင်္ကာရစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၊ ဘွဲ့တံဆိပ်တော်ရဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သာသနာပြုဘွဲ့၊ သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ သာကေတမြို့နယ် တိပိဋကာလင်္ကာရစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နွယ်ခွေအရှေ့ ရွာဦးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘဏက သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၆ ပါး၊ သီလရှင်ဆရာကြီး ငါးပါး စုစုပေါင်း ၅၁ ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် သာသနာပြုဘွဲ့ရ လူပုဂ္ဂိုလ်သုံးဦးနှင့် သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ် ၁၀ ဦးအား ဘွဲ့တံဆိပ်အပ်နှင်းခြင်းတို့ကို ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်ကော်မြို့၌ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနား ကျင်းပ

လှိုင်ကော် မတ် ၅

ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပသည်။

## မြွက်ကြားချီးမြှင့်

ရှေးဦးစွာအခမ်းအနားသို့ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကာ ပြည်နယ်ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ လှိုင်ကော်မြို့ သီရိမင်္ဂလာပုံ(ဟော်ကြီး)ကျောင်းဆရာတော်ဘဒ္ဒန္တစန္ဒိမာထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး "မဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်ရ လှိုင်ကော်မြို့နယ် သံဃာ့ဂုဏ်ရည်ပုညဝတီ စိန်တလုံးတောရ ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းကျောင်း ဆရာတော် ဘန္တန္တကာရုညာဓိပတိက "သမ္မောဒနီယဩဝါဒကထာ" မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းခံရသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ် ငါးပါးနှင့် သီလရှင် နှစ်ပါးတို့ထံ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ကုသိုလ်ကောင်းမှု အစုစုတို့အတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်



ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရေကြည်မြို့ သမိုင်းဝင်ဒီပါရုမ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

ပုသိမ် မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့၏ ကျက်သရေဆောင် သမိုင်းဝင်ဒီပါရုမ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။



## တက်ရောက်

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း၊ ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပရာ ဝန်ကြီးချုပ်နှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

## ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၉ ပါး၊ ပထမပြန်၊ ဓမ္မာစရိယ၊ နိကာယ်စာမေးပွဲတို့တွင် အထူးအောင်သံဃာ လေးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်လေတပ်စခန်း ဒုတိယဌာနချုပ်မှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရသီလရှင်ဆရာကြီး သုံးပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီးနှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

## လောင်းလှူ

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးများအား ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့အား လောင်းလှူပူဇော်ခဲ့ကြသည်။ အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းတန်ဖိုးစုစုပေါင်း ငွေကျပ် ၁၅၁၃၆၅၀၀ အား လောင်းလှူခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်

**နေပြည်တော် မတ် ၅**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့မှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာနေရာများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဆရာတော်ကြီးများက သမ္ဗောဒနီယဩဝါဒကထာ မြွက်ကြားပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားများ ရွတ်ပွားချီးမြှင့်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့ရှိ တာဝန်ရှိသူများက သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် ဘွဲ့ခံ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ အသီးသီး ဆက်ကပ်လှူဒါန်းချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဆရာတော်ကြီးများထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

# ဟိုပုံးမြို့နယ် စံဖူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ စတုတ္ထအကြိမ်ထုတ်ချေး

**ဟိုပုံး မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ စတုတ္ထအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စံဖူးကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က စံဖူးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၇ သိန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စံဖူးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၄၄ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ အရင်း



မပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၇ သိန်းအား အသင်းသား အသင်းသူများ၏ လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် စတုတ္ထအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၉၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၇၁,၈၁၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၄၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၄၁၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၀) ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၄-၃-၂၀၂၂) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း(၃၀,၉၅၉,၉၄၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း(၆,၈၃၆,၇၈၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၄-၃-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၅၉,၉၄၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၃၆,၇၈၄ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၅

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု သဖြုချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၇၄ ဦးအား ၎င်းကျေးရွာရှိ အေဒင် အအေးခန်းစက်ရုံ(ဟောင်း)၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၁၃ ဦး၊ ခွဲစိတ်ရောဂါ ၄၀၊ သားဖွား/ မီးယပ်ရောဂါ ၃၉ ဦး၊ ကလေးရောဂါ ၅၆ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၇၃ ဦး၊ မျက်စိရောဂါ ၁၈၀ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၆၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၈ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၄၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူခြောက်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်–



အခုလိုမျိုး ကျွန်မတို့တွေလိုမျိုး တခြားမတတ်နိုင်တဲ့ သက်ကြီးရွယ်အိုတွေပေ့ါ။ အဲဒီလိုမျိုးလူတွေအတွက် ယခုလိုမျိုးအချိန်ပေးပြီးတော့ လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာပါတယ်။ အထူးလည်း ကျေးဇူးတင်ပါတယ်။ အဆင်ပြေတဲ့သူကတော့ နေရာဒေသအသီးသီးမှာသွားပြီးတော့ ပြနိုင်တယ်ပေ့ါ။ အဆင်မပြေတဲ့ သက်ကြီးရွယ်အိုတွေနဲ့ ငွေရေးကြေးရေးအခက်အခဲရှိတဲ့သူတွေကျတော့ အခုလိုမျိုးလာရောက်ပြီး ကုသပေးတဲ့အတွက် အဆင်ပြေပါတယ်။ အဲဒါကြောင့် နောက်နှစ်တွေမှာလည်း လာပြီးတော့ တစ်နှစ်တစ်ကြိမ်ပဲဖြစ်ဖြစ် အဆင်ပြေသလိုလေး ကုသပေးတယ်ဆိုရင် ဒေသခံပြည်သူတွေအတွက် ကောင်းပါတယ်ရှင့်။ ကိုယ်ကျိုးစီးပွားမဟုတ်ဘဲနဲ့ အခုလိုမျိုး တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကျန်းမာရေးကို အလေးထားပြီး အချိန်ပေးပြီးတော့ စိတ်ရှည်လက်ရှည်နဲ့ ကုသပေး၊ ဆေးဝါးတွေကိုလည်း အခမဲ့ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ ဝန်ထမ်းတွေအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ကိုလိုင်းပေါ်ကရော၊ ဒီကရွာပေါင်းစုံအုပ်ချုပ်ရေးမှူးတွေနဲ့ ချိတ်ဆက်ပြီး ဆေးကုသပေးမယ်ဆိုတာကို အသိပေးထားပါတယ်။ ဒီလိုလာရောက်ကုသပေးတဲ့အတွက် ကောင်းတာပေ့ါ။ မရှိဆင်းရဲသားတွေအများကြီးကလည်း အားကိုးလို့ရတယ်။ ဆရာဝန်ပေါင်းစုံလာတဲ့အတွက် ရောဂါပေါင်းစုံပြလို့ရတဲ့အတွက် ဒေသခံတွေအနေနဲ့ အများကြီးဝမ်းသာကြပါတယ်။ ဒီလိုအမြဲတမ်းလာပေးနေနိုင်ရင် ဒေသခံတွေအတွက်ကတော့ အများကြီးကောင်းပါတယ်။ သံတွဲခရိုင်ဆေးရုံကြီးနဲ့လည်း ခရီးက မိုင် ၃၀ နီးပါးဝေးတယ်။ ပြီးတော့ တိုက်နယ်ဆေးရုံတွေမှာလည်း ဆရာဝန်ရှားပါးတာတွေကြောင့် ကျန်းမာရေးမှာ အခက်အခဲတွေရှိပါတယ်။ ကျန်းမာရေးအဖွဲ့ဝင်တွေကိုလည်း ဒီလိုမျိုး မရှိဆင်းရဲသားတွေကို လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။

မျက်စိတွေကမကောင်းလို့လေ။ မျက်စိတွေမကောင်းတော့မနေနိုင်လို့လာပြတာပါ။ အရင်အခြေအနေကတော့ ကြည့်လို့မကောင်းဘူးလေ။ အခုကတော့ ကြည့်လို့ကောင်းသွားပါပြီ။ နေရောင်ကြီးကို မကြည့်နိုင်၊ မှောင်ရင်လည်းလုံးဝမကြည့်နိုင်ဘူး။ ဘာမှလည်းမမြင်ရဘူး။ အရိပ်အယောင်ပဲမြင်ရတယ်။ မျက်စိအခြေအနေကလည်း ကောင်းသွားပြီ။ အခြေအနေကောင်းတယ်။ အဆင်ပြေတယ်။ ကျေးဇူးလည်းတင်တယ်။ ဝမ်းလည်းသာတာပေ့ါ။ အများကြီးကျေးဇူးတင်ပါတယ်။










ဒေသခံပြည်သူများ

**သတင်းစဉ်**

# တရုတ်နိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှု ၅ ရာခိုင်နှုန်းအထိ ပိုမိုဖွံ့ဖြိုးလာစေရန်ကြိုးပမ်း

ပေကျင်း မတ် ၅


တရုတ်နိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ငါးရာခိုင်နှုန်းအထိ ပိုမိုဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပေကျင်းမြို့တော်၌ ယနေ့ကျင်းပသည့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေး၌ ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးသို့ ကိုယ်စားလှယ် ၃၀၀၀ နီးပါး တက်ရောက်ကြသည်။

တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများကြောင့် နိုင်ငံ၏ စီးပွားရေးထိခိုက်ခဲ့ရာမှ ယခုအချိန်တွင် ကပ်ရောဂါလွန်မြောက်လာပြီဖြစ်သည့်အတွက် ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးအဆင့်ကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးချဲ့မည်ဖြစ်ပြီး ယခင်နှစ်ကထက် အနည်းငယ်တိုးလာမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးသည် တည်ငြိမ်သောအခြေအနေကို ရောက်ရှိနေပြီဖြစ်ပြီး စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အလားအလာနှင့် အရှိန်အဟုန်ကို ရရှိနေပြီဖြစ်ကြောင်း ဝန်ကြီးချုပ်လီခချန်းက တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဖွင့်ပွဲတွင် ကိုယ်စားလှယ်များအား ပြောကြားသည်။



ကမ္ဘာ့ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်စဉ်အတွင်း အလုပ်အကိုင်နှင့် ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုကို အလေးပေးဖော်ပြသည့် အစီရင်ခံစာအရ မြို့ပြအလုပ်လက်မဲ့နှုန်းသည် ၅ ဒသမ ၅ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် ယမန်နှစ်အတွင်း မြို့ပြအလုပ်အကိုင်ပေါင်း ၁၂ သန်းကျော်ကို စီစဉ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်-တောင်ကိုရီးယား နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်တန့်ရန် ကုလသမဂ္ဂက တောင်းဆိုသင့်ကြောင်း ပြုံယမ်းပြောကြား

ပြုံယမ်း မတ် ၅

အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်တန့်ရန် ကုလသမဂ္ဂက တောင်းဆိုသင့်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစ်ရပ်ကို ယနေ့ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ မြောက်ကိုရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီးက အဆိုပါထုတ်ပြန်ချက်ကို အမေရိကန်-တောင်ကိုရီးယားပူးတွဲစစ်ရေးလေ့ကျင့်မှုမတိုင်မီ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို မတ် ၁၃ ရက်မှ ၂၃ ရက်အထိ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မတ် ၃ ရက်တွင် ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံ ပူးတွဲလေကြောင်း



လေ့ကျင့်မှုအပါအဝင် အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို အဆိုပါထုတ်ပြန်ချက်တွင် ဝေဖန်ခဲ့သည်။

အမေရိကန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံ၏ စစ်ရေးလေ့ကျင့်မှုများသည် ကိုရီးယားကျွန်းဆွယ်အခြေအနေတင်းမာမှုများကို ပိုမိုဖြစ်ပွားစေနိုင်ကြောင်းလည်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို ချက်ချင်းရပ်တန့်ရန် ပြင်းပြင်းထန်ထန်တိုက်တွန်းသင့်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုများသည် ကျွန်းဆွယ်တွင် ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပေါ်စေရန် တွန်းအားပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# ဂျပန်နိုင်ငံက H3 ဒုံးပျံကို မတ် ၆ ရက်တွင် လွှတ်တင်မည်

တိုကျို မတ် ၅

ဂျပန်နိုင်ငံက H3 ဒုံးပျံကို မတ် ၆ ရက်တွင် နိုင်ငံ၏တောင်ဘက်ပိုင်း ကာဂိုရှီမာစီရင်စုရှိ ဒုံးပျံလွှတ်တင်ရေးစင်တာမှ လွှတ်တင်သွားမည်ဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက ယမန်နေ့က ကြေညာခဲ့ကြောင်း သိရသည်။

ဂျပန်အာကာသ အေဂျင်စီက နည်းပညာချို့ယွင်းချက်ကြောင့် H3 ဒုံးပျံကို ဖေဖော်ဝါရီ ၁၇ ရက်တွင် လွှတ်တင်မည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

ဒုံးပျံနှင့် မြေပြင်ထိန်းချုပ်ရေးစခန်းအကြား ဆက်သွယ်မှုလိုင်းများပြတ်တောက်မှုဖြစ်စေခဲ့သည့်အတွက် ဒုံးပျံလွှတ်တင်မှုကို ရက်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ဆိုသည်။

H3 ဒုံးပျံသည် နှစ်ပေါင်း ၃၀ ဝန်းကျင်အတွင်း ဂျပန်နိုင်ငံ၏ ပထမဆုံးသော အကြီးစားဒုံးပျံတစ်ခုဖြစ်သည်။ အဆိုပါဒုံးပျံကို ၂၀၂၀ ပြည့်နှစ်တွင် လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်းစက်ပိုင်းဆိုင်ရာ ချို့ယွင်းချက်များကြောင့် လွှတ်တင်မှုအစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။

H3 ဒုံးပျံကို လွှတ်တင်ရန် ယခုအချိန်တွင် အဆင်သင့်ဖြစ်လျက်ရှိကြောင်းနှင့် အောင်မြင်စွာလွှတ်တင်နိုင်မည်ဟု ယုံကြည်ကြောင်း ဒုံးပျံလွှတ်တင်ရေးအစီအစဉ်အကြီးအကဲ အိုကာဒါမာဆာရှိက ပြောကြားသည်။ ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အလင်းသစ်



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အောက်ဆီဂျင်ဖြည့်စက်ရုံပေါက်ကွဲမှုကြောင့် ငါးဦးသေဆုံး

ဒါကာ မတ် ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အောက်ဆီဂျင်ဖြည့်စက်ရုံတစ်ရုံ၌ ယမန်နေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ အရှေ့တောင်ဘက်ပိုင်းရှိ ချက်တိုဂရမ်မြို့၌တည်ရှိသည့် Sheema Automatic Re-Rolling Mills Limited ပိုင် အောက်ဆီဂျင်ဖြည့်စက်ရုံတွင် အောက်ဆီဂျင်ဆလင်ဒါအိုးများကို အောက်ဆီဂျင်ဖြည့်နေစဉ်အတွင်း အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားစဉ် အလုပ်သမား ၂၀၀ ကျော် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်မှုများကြောင့် ငါးဦးသေဆုံးပြီး ၂၅ ဦး အနည်းဆုံး ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ကြောင်း ချက်တိုဂရမ်မြို့၏ ဒုတိယအုပ်ချုပ်ရေးမှူး ဖက်ရဇာမန်က သတင်းထောက်များကို ပြောကြားသည်။

လက်ရှိတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိခိုက်ဒဏ်ရာရရှိသူများသည် ချက်တိုဂရမ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

ပေါက်ကွဲမှု၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ရဲအရာရှိများကဆိုသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# တရုတ်နိုင်ငံ၌ ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် 5G အင်တာနက်ကွန်ရက် အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၉ သန်းကျော် တည်ဆောက်ပြီးစီးမည်

ပေကျင်း မတ် ၅

တရုတ်နိုင်ငံ၌ ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် 5G အင်တာနက်ကွန်ရက် အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၉ သန်းကျော်ကို တည်ဆောက်ပြီးစီးမည် ဖြစ်ကြောင်း တရုတ်စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ကျင်ရှောင်လောင်က ယနေ့ပြောကြားသည်။

ယခုနှစ်အတွင်း 5G အင်တာနက်ကွန်ရက် အခြေစိုက်စခန်းပေါင်း ၆၀၀၀၀၀ ခန့်ကို ထပ်မံဆောက်လုပ်ရန် စီစဉ်ထားပြီး ကျေးလက်ဒေသများနှင့် စက်မှုဥယျာဉ်များတွင် 5G ဝန်ဆောင်မှုများကိုတိုးချဲ့ရန် စီစဉ်ထားကြောင်း ကျင်ရှောင်လောင်က သတင်းထောက်များကို ပြောကြားသည်။

လက်ရှိတွင် နိုင်ငံအတွင်း၌ 5G အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၃၄ သန်းကျော်ရှိပြီး 5G ဆဲလ်ဖုန်းအသုံးပြုသူဦးရေ ၅၇၅ သန်းကျော်ရှိကြောင်း သိရသည်။

5G နည်းပညာများကို သတ္တုတူးဖော်ရေး၊ စွမ်းအင်ထောက်ပံ့မှုနှင့် ဂျက်လေယာဉ်တည်ဆောက်ရေးလုပ်ငန်းများနှင့် အခြားသော စီးပွားရေး နယ်ပယ်များတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စက်မှုလုပ်ငန်းသုံးဆိုင်ရာ 5G နည်းပညာများကိုလည်း အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း 5G နည်းပညာသုံးစက်ရုံ ၁၀၀၀၀ ကျော်ကို တည်ဆောက်သွားရန် စီစဉ်ထားကြောင်း ဝန်ကြီးကျင်ရှောင်လောင်က ဆိုသည်။

6G အင်တာနက် ကွန်ရက်အသုံးပြုမှု ထွက်ပေါ်လာရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရှိန်မြှင့်ဆောင်ရွက်သွားမည် ဖြစ်ပြီး တရုတ်နိုင်ငံ၏ အလွန်ကြီးမားသော ဈေးကွက်နှင့် ကောင်းမွန်ပြည့်စုံသည့် စက်မှုလုပ်ငန်းစနစ်၏ အားသာချက်များကို အသုံးချသွားမည်ဖြစ်ကြောင်း ကျင်ရှောင်လောင်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# ရွှေတိဂုံစေတီတော် (၂၆၁၁) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲ (အောင်ပွဲ) နှင့် ရေစက်ချပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၅

ရွှေတိဂုံစေတီတော် (၂၆၁၁) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲ(အောင်ပွဲ)နှင့် ရေစက်ချပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

**ကိုးပါးသီလ ခံယူဆောက်တည်**

အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဩဝါဒါစရိယ စေတိယင်္ဂဏ သိရီပဝရ မဟာဓမ္မဂုရု၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာရဒါ ဘိဝံသထံမှ ဒေွ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းမောင်က ဗုဒ္ဓပူဇနိယမင်္ဂလာ ရေစက်ချ အနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင်၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကရေ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နာရဂိတထံမှ ဒေွ့ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်ချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ စေတီတော်ရင်ပြင်ရောင်တော်ဖွင့် တန်ဆောင်း၌ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ အောင်မြေတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီး ဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ စေတီပုထိုးများတွင် ဘုရားဖူးပြည်သူများလာရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ကပ်လှူပူဇော်ကြကာ ကုသိုလ်ဘာဝနာများ ပွားများလျက်ရှိကြပြီး ပန်းခြံ၊ ဥယျာဉ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေ အနားယူလျက်ရှိကြသည်ကို စည်ကားစွာတွေ့မြင်ခဲ့ရသည်။

ကိုကိုဇော်(MNA)





# သထုံမြို့ရှိ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီးတွင် တပေါင်းလပြည့်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

သထုံ မတ် ၅

မွန်ပြည်နယ် သထုံမြို့ရှိ သမိုင်းဝင်လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် တပေါင်းလပြည့်နေ့၌ ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

တပေါင်းလပြည့်နေ့ နံနက်ပိုင်းမှစတင်ကာ ရွှေစာရံစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စေတီတော်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြခြင်း၊ တရားဘာဝနာများ ပွားများခြင်း စသည့်ကုသိုလ်အမျိုးမျိုးတို့ကို ပြည်သူအများအပြားက အေးချမ်းစွာလာရောက်ပြုသူများဖြင့် စည်ကားများပြားခဲ့သည်။

သမိုင်းမှတ်တမ်းများအရ သထုံရွှေစာရံစေတီတော်မြတ်ကြီးမှာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလ မဟာသက္ကရာဇ် ၁၁၁ ခုနှစ် သူရိယစန္ဒာမင်းကြီးလက်ထက်၌ တည်ထားကိုးကွယ်ခဲ့ပြီး ကကုသန်ဘုရားရှင်၏ ဆံတော်ရှစ်ဆူ၊ ကောဏဂုံဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်နှင့် ဂေါတမဘုရားရှင်၏ သွားတော်လေးဆူတို့ဖြင့် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်မွေတော်များကို ဌာပနာသွင်းပူဇော်ထားသောကြောင့် လေးဆူဓာတ်စံရွှေစာရံစေတီဟူ၍ အနယ်နယ်အရပ်ရပ်၌ ထင်ရှားကျော်ကြားသော စေတီတစ်ဆူဖြစ်ကြောင်း သိရသည်။

နဒီ(ပြန်/ဆက်)

# ကျုံပျော်မြို့ မြတ်ချမ်းသာဘုရား ရတနာရံသီစေတီတော်မြတ်ကြီး၏ ထီးတော်အသစ် တင်လှူပူဇော်ပွဲ ကျင်းပ

ကျုံပျော် မတ် ၅

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့ မြဝတီရပ်ကွက်ရှိ မြို့ကျက်သရေဆောင် မြတ်ချမ်းသာဘုရား ရတနာရံသီစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်အသစ်တင်လှူပူဇော်ပွဲကို ယနေ့ နံနက် ၆ နာရီခွဲက စတင်ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး အသောကာရုံကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ စိန်ဖူးတော်အတွင်းသို့ ဌာပနာများထည့်သွင်းပူဇော်ကြသည်။

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်များအား ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟိန်းမောင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့များ၊ ဒေွ့ပရိသတ်များက ရတနာရံသီ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်၍ မင်္ဂလာပန်းရထားဖြင့် စေတီတော်မြတ်ကြီးအပေါ်သို့ တင်လှူပူဇော်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)





# ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃာတော် ၁၀၈ ပါး ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

ပြင်ဦးလွင် မတ် ၅

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) ရှိ ရေငယ်ကျေးရွာအနီး ဓမ္မရတိကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသောမဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး၌ ဗုဒ္ဓပူဇနိယပွဲတော်၊ (၂၂)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် သံဃာတော် ၁၀၈ ပါး ဆွမ်းတော်ကြီးလောင်းလှူပွဲကို (တပေါင်းလပြည့်နေ့) မတ် ၅ ရက် နံနက် ၇ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဆရာတော် အရှင်သူမြတ်တို့မှ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား အနေကဇာတင်ခြင်း၊ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ စတင်ဖွင့်လှစ်ခြင်း၊ မြို့လယ်ရွှေစည်းခုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များနာယူကြည်ညိုခြင်း၊ ရတနာမာန်အောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကဝိန္ဒထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ထို့နောက် သံဃာတော်များကို ဆွမ်းသပိတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို စေတနာရှင် ကုသိုလ်ရှင်များ ၊ ဘုရားကြီးဂေါပကအဖွဲ့နှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းပူဇော်ခဲ့ကြပြီး ဒေွ့သည်တော်များအား မဟာဇေယျသိဒ္ဓိသာသနာ့ဗိမာန်တော် ပထမထပ်၌ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိုဘိုင်းဖုန်းတီထွင်သူ၏ စိုးရိမ်မှုနှင့် အနာဂတ်မျှော်လင့်ချက်

**မောင်သာယာ**

မိုဘိုင်းဖုန်းတီထွင်သူ သို့မဟုတ် ကြိုးမဲ့ဖုန်း ပထမဆုံးခေါ်ဆိုသူ၏ အသက်မှာ ၉၄ နှစ် ရှိပြီဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် မာတင်ကူးပါးသည် နယူးယောက်မြို့ရှိလမ်းမတစ်ခုပေါ်တွင် ကြီးမားလေးလံသော ဆက်သွယ်ရေး ကိရိယာတစ်ခုကို ချိတ်ဆက်နိုင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ အဆိုပါ ဆက်သွယ်ရေးကိရိယာသစ်မှာ ဖုန်းလိုင်းများနှင့် ချိတ်ဆက်ထားခြင်းမရှိပေ။ သို့သော်လည်း ကူးပါးသည် ဆက်သွယ်ရေးကိရိယာသစ်ကို အသုံးပြုနိုင်ခဲ့ပြီး နည်းပညာလုပ်ငန်းနယ်ပယ်၏ပြိုင်ဘက်ဟု ခေါ်ဆိုခဲ့သည်။

မိုဘိုင်းဖုန်းများပေါ်လာပြီး နှစ်ပေါင်း ၅၀ အကြာ တီထွင်သူ မာတင်ကူးပါးက ကြိုးမဲ့ဖုန်းများသည် လူနေမှုဘဝများကို ပိုမိုကောင်းမွန်အောင် ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ခဲ့သော်လည်း စိုးရိမ်မှုအချို့ရှိကြောင်းကို ပြောကြားသည်။

ကျွန်တော့်ရဲ့ အဆိုးမြင်ဆုံးသော အမြင်မှာ ယခုအခါ ကျွန်တော်တို့နှင့် ပတ်သက်သော အကြောင်းအရာအားလုံးကို တစ်နေရာရာတွင် မှတ်တမ်းတင် သိမ်းဆည်းခံထားရသောကြောင့် ကျွန်တော်တို့တွင် လျှို့ဝှက်ချက်ဆိုတာ မရှိတော့ကြောင်း ကူးပါးက ပြောကြားသည်။ ထို့ပြင် လူငယ်များသည် ၎င်းတို့၏ ဆဲလ်ဖုန်းများတွင် အန္တရာယ်ရှိသော အွန်လိုင်းအသုံးပြုမှုများအား အလွယ်တကူ ချိတ်ဆက်ရယူနိုင်မှုကိုလည်း စိုးရိမ်ကြောင်း သူကပြောကြားသည်။

ကူးပါးသည် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပသည့် အကြီးကျယ်ဆုံးသော တယ်လီကွန်လုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲဖြစ်သည့် ကမ္ဘာ့မိုဘိုင်းဖုန်း ကွန်ဂရက်သို့တက်ရောက်ပြီး အေပီသတင်းဌာနနှင့် တွေ့ဆုံစဉ် အဆိုပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ကူးပါးသည် ကမ္ဘာ့မိုဘိုင်းဖုန်းကွန်ဂရက် အခမ်းအနားတွင် ၎င်း၏ တစ်သက်တာ လုပ်ဆောင်ချက်များအတွက် ဆုချီးမြှင့်ခံခဲ့ရသည်။

ကူးပါးက သူသည် အကောင်းမြင်ဝါဒီတစ်ဦးဖြစ်သည်ဟု ဆိုသည်။ နည်းပညာ၏ အကောင်းဆုံးသော နေ့ရက်များသည် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော နယ်ပယ်များတွင် ရှေ့တန်းသို့ ရောက်ရှိနေနိုင်မည်ဟု သူကယုံကြည်နေသည်။ ဆဲလ်ဖုန်းနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာနှင့် အင်တာနက်တို့အကြား ချိတ်ဆက်ဆောင်ရွက်မှုဖြင့် ရောဂါဝေဒနာများကို ကုသအောင်မြင်နိုင်မည်ဟု ကူးပါးက ကမ္ဘာ့မိုဘိုင်းဖုန်း ကွန်ဂရက်တွင် ပြောကြားသည်။

ကူးပါးသည် ၁၉၇၃ ခုနှစ် ဧပြီလတွင် Dyna-Tac ဖုန်းကိုအသုံးပြုကာ ကြိုးမဲ့ဖုန်းခေါ်ဆိုမှုပြုလုပ်ခဲ့ပြီး Motorola ဆက်သွယ်ရေး ကုမ္ပဏီအတွက် အလုပ်လုပ်နေခဲ့သည်။ ထိုအချိန်မှစ၍ ဆက်သွယ်ရေးနည်းပညာနယ်ပယ်တွင် အရာရာသည် ကြီးမားစွာ ပြောင်းလဲလာခဲ့သည်။ သို့သော်လည်း "အဲဒီအချိန်ဟာ သမိုင်းဝင်အခိုက်အတန့် ဖြစ်ခဲ့ဆိုတာကို ကျွန်တော်တို့မှာ သိဖို့နည်းလမ်းမရှိခဲ့ပါဘူး " ဟု ကူးပါးက ပြောကြားသည်။



မိုဘိုင်းဖုန်းတီထွင်သူ မာတင်ကူးပါးကို စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပသည့် ကမ္ဘာ့မိုဘိုင်းဖုန်း ကွန်ဂရက်တွင် တွေ့ရစဉ်။

မိုဘိုင်းဖုန်းကို ပြောင်းလဲရန်နည်းလမ်းများ ရှိနေဆဲဖြစ်ကြောင်း သူကဆက်လက်ပြောကြားသည်။ သူပထမဆုံး အသုံးပြုသည့် မိုဘိုင်းဖုန်း၏ အလေးချိန်မှာ တစ်ကီလိုဂရမ်ကျော်ရှိကြောင်း၊ ယနေ့ခေတ် မိုဘိုင်းဖုန်းများမှာ အလွန်သေးငယ်ကြောင်း၊ သို့သော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မိုဘိုင်းဖုန်းများသည် လက်ကကိုင်ဆောင်ထားသည့်အရာထက် ကျွန်တော်တို့ လူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပိုတူလာလိမ့်မည်ဟု ကူးပါးက ထင်မြင်နေသည်။

လူ့ခန္ဓာကိုယ်က ဖုန်းများကို အားသွင်းပေးနိုင်ကြောင်း၊ လူ့ခန္ဓာကိုယ်က ဖုန်း အားသွင်းနိုင်မည့် နေရာတစ်ခုဖြစ်လာမည်မှာ အမှန်တကယ်ဖြစ်ကြောင်း၊ လူ့ခန္ဓာကိုယ်သည် အစားအစာကနေ စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်သည့်အတွက် ဖုန်းတစ်လုံးအတွက်လည်း အားသွင်းပေးနိုင်ပါကြောင်း၊ ဥပမာအားဖြင့် ဖုန်းကို လက်ကကိုင်ထားရမည့်အစား ဆက်သွယ်ရေးကိရိယာကို အရေပြားအောက်တွင် ထားရှိခြင်းမျိုးလည်း ဖြစ်လာနိုင်ပါကြောင်း ကူးပါးက ပြောကြားသည်။

ထို့ပြင် ကူးပါးက ကိုယ်ရေးအချက်အလက်များ၊ ကလေးငယ်များနှင့် သက်ဆိုင်သော အင်တာနက်အသုံးပြုသူများအတွက် ပိုမိုအကာအကွယ်ပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်နေသည်။ ကိုယ်ရေး အချက်အလက်များနှင့် ပတ်သက်၍ပြောကြားရာတွင် ဖြေရှင်းရမည်ဖြစ်သော်လည်း လွယ်ကူမည်မဟုတ်ကြောင်း၊ ကလေးများအတွက် အထူးအင်တာနက်တစ်ခု ရှိသင့်ပြီး ကလေးများသည် လူကြီးများအတွက် ပြုလုပ်ထားသည့် အင်တာနက်သို့ ဝင်ရောက်ခွင့် မပြုသင့်ကြောင်းလည်း သူက ပြောကြားသည်။

မိုဘိုင်းဖုန်းအတွက် အဆိုပါ စိတ်ကူးအကြံအစည်ကို ရုပ်ပြစာအုပ်ဇာတ်ကောင် Dick Tracy အသုံးပြုသည့် ဆက်သွယ်ရေးစက်မှ ရရှိခြင်းဖြစ်ကြောင်းနှင့် အဆိုပါစိတ်ကူးယဉ်စုံထောက်တွင် ဖုန်းခေါ်ဆိုနိုင်သည့် လက်ပတ်နာရီတစ်လုံး ရှိကြောင်း ကူးပါးက ပြောကြားသည်။

**ကိုးကား- Inventor of First Mobile Phone Looks back, Thinks about Future ကို ဘာသာပြန်သည်။**

> **လူ့ခန္ဓာကိုယ်သည် အစားအစာကနေ စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်သည့်အတွက် ဖုန်းတစ်လုံးအတွက်လည်း အားသွင်းပေးနိုင်ပါကြောင်း၊ ဥပမာအားဖြင့် ဖုန်းကိုလက်ကကိုင်ထားရမည့်အစား ဆက်သွယ်ရေးကိရိယာကို အရေပြားအောက်တွင် ထားရှိခြင်းမျိုးလည်း ဖြစ်လာနိုင်ပါကြောင်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၅ | ၂၃၃၅ | ၂၅၆၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၄ | ၂၁၀၈ |
| 95 Ron | ၂၁၀၅ | ၂၁၈၁ |
| HSD (500 ppm) | ၂၁၃၈ | ၂၂၁၁ |
| HSD (50 ppm) | ၂၂၁၂ | ၂၂၈၆ |
| HSD (10 ppm) | ၂၂၁၂ | ၂၂၈၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"

"DigitALL: Innovation and technology for gender equality"

၂၀၂၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ



ကျိုက်ထို မတ် ၅

ကျိုက်ထိုမြို့နယ်၌ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များအား ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများက စေတီတော်မြတ်ကြီးအား ရေသပ္ပာယ်၍ အမွှေးနံ့သာများ ပက်ဖျန်းကာ ရောင်တော်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရောင်တော်ဖွင့်ပွဲနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲအခမ်းအနားကိုကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မွန်ပြည်နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တသာသန အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်ပေးသည်။

ထို့နောက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ခေါင်းဆောင် ဦးစိုးလှက ရောင်တော်ဖွင့်ပွဲနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာကိစ္စရပ်များအား လျှောက်ထားကာ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုများအား ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တအာစရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီးထံမှ အနုမောဒနာတရားတော်နာကြားကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲပြုလုပ်



နေပြည်တော် မတ် ၅

မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရား အဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့တွင် အဆိုပါ ဆုတောင်းပြည့်ရင်ပြင်တော်၌ပြုလုပ်ရာ မန္တလေးမြို့ ပတ္တမြားကျောင်းတိုက်ဆရာတော် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာဇောတာဘိဝံသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။

### နာယူကြည်ညို

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပတ္တမြားကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဌသာရထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး သံဃာတော်များအား ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၅) ကြိမ်မြောက် စိန်ရတုဗုဒ္ဓပူဇနိယပွဲတော်နှင့် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါဘုရား၏မြောက်ဘက် ရှင်ဥပဂုတ္တရေကန်ရှေ့တွင် အမှတ်တရသစ်ပင်များ စိုက်ပျိုးကြကာ မြန်မာ့ရိုးရာဆင်အကအလှ၊ တိုင်းရင်းသားရိုးရာအကအလှများနှင့် မြန်မာ့ရိုးရာခြင်းလုံးအလှပြကစားပွဲများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေစာရံဘုရားတောင်ဘက်စောင်းတန်းအဆင်း ဒုဋ္ဌဝတီမြစ်၌ ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ဇီဝိတဒါန ငါးလွှတ်ကြပြီး တိုင်းရင်းသားရိုးရာပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချမှုတို့အား လှည့်လည်ကြည့်ရှု၍ ပွဲတော်လာပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေစာရံဘုရားကြီးအား ရွှေသင်္ကန်းနှင့် ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဃောသိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာကြား၍ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝအလှနှင့် ဇီဝမျိုးစုံမျိုးကွဲများစုံလင်ရာ အာဆီယံအမွေအနှစ် အင်းလေးကန် ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း

**ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သည် မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအိုင်ပြီးလျှင် ဒုတိယအကြီးဆုံး ကုန်းတွင်းရေကန်ကြီး ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ရေတိမ်ဒေသ (Wetland) ကြီးများတွင် ပါဝင်သော အာဆီယံ၏ ယဉ်ကျေးမှုအမွေအနှစ် (Asean Cultural Heritage) အဖြစ် သတ်မှတ်ခံရသော သဘာဝရေအိုင်များရှိ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ဖွားလျက်ရှိသဖြင့် စနစ်တကျထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်သည်။**

**မောင်မော်(သတ္တဗေဒ)**



အင်းလေးကန်၏ ရေဝေရေလဲဧရိယာသည် ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဖယ်ခုံမြို့နယ်တို့နှင့် ထိစပ်လျက်ရှိသည်။ ကန်အတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသားတို့၏ ထူးခြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံ၊ စိတ်ဝင်စားဖွယ်ကောင်းသည့် ပထဝီဝင်အနေအထား၊ သာယာလှပသည့်ရှုမျှော်ခင်းများ၊ သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများ တည်ရှိခြင်း၊ လက်မှုအနုပညာများနှင့် ဒေသထုတ်ကုန်များအပြင် နိုင်ငံတော်၏ အဓိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ လောပိတမဟာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေအရင်းအမြစ်ဖြစ်သောကြောင့် အင်းလေးကန်ဒေသသည် မြန်မာနိုင်ငံ၏ ထင်ရှားအရေးပါသော ဒေသတစ်ခု ဖြစ်သည်။

အင်းလေးကန်သည် လွန်ခဲ့သော နှစ်ပေါင်း ၆၅၀ ကျော်အတွင်း သဘာဝကျောက်ပြိုရေကန်မှ ကျောက်ပျော်ရေကန်သို့ ပြောင်းလဲလာခဲ့သော သဘာဝရေကန်ကြီးဖြစ်သည်ဟူ၍လည်းကောင်း၊ ဘူမိဗေဒပညာရှင်များ၏ အဆိုအရဆိုလျှင် ရှမ်းကုန်းမြေမြင့်ဒေသသည် Lime Stone ခေါ် ထုံးကျောက်များ ပေါကြွယ်ရာဒေသဖြစ်သဖြင့် မိုးများအဆက်မပြတ်ရွာသွန်းရာတွင် ထုံးကျောက်များ အရည်ပျော်ရာမှ ဖြစ်ပေါ်လာသော ပျော်ဝင်ကန် (Solution Lake) ဖြစ်သည်ဟူ၍လည်းကောင်း ဆိုကြသည်။ တချို့သော ဘူမိဗေဒပညာရှင်များကလည်း အင်းလေးကန်သည် ထုံးကျောက်များ ရေတိုက်စားခြင်းခံရသောနေရာများတွင် ချိုင့်ဝှမ်းဖြစ်ပေါ်လာသော ထုံးကျောက်အိုင်ဟူ၍လည်း ဆိုကြသည်။ တစ်ဖန် တချို့သောပညာရှင်များက အင်းလေးကန်၏တစ်ဖက်တစ်ချက်ရှိ အက်ကြောင်းကြီးနှစ်ခု၏ အလယ်ထုအောက်သို့ လျှော့ကျမှုကြောင့် ထုပြတ်ရွှေ့(Block Faulting) ဖြစ်ပေါ်လာသောရေအိုင်ဟူ၍လည်း ဆိုကြသည်။

မြန်မာဘုရင်များ အုပ်ချုပ်စဉ်ကာလက ရှမ်းပြည်နယ် မြေလတ်ဒေသတွင် စီးပွားရေးလုပ်ငန်းများအလိုက် ကျေးရွာအုပ်စုများ စုစည်းထားရာ၌ ဘော်(၄၄) ရွာ၊ ငွေခွန်ကိုးရွာ၊ အင်း (၄)ရွာ စသည်ဖြင့် ခေါ်ဝေါ်သတ်မှတ်ထားသည်ကို တွေ့ရသည်။

မြန်မာမင်းများလက်ထက် အုပ်ချုပ်ရေးဆိုင်ရာ အခေါ်အဝေါ်များတွင် အင်းလေးရွာဟူ၍ မှတ်တမ်းရှိခဲ့သဖြင့် အင်း (၄)ရွာကို အစွဲပြုလိမ့်မည်ဟူ၍ ယူဆရသည်။ ထို့ကြောင့် အင်းလေးဟူသော အမည်မှာ အင်းဒေသတွင် ရွာကြီးလေးရွာကို စတင်ခဲ့သည့်အချိန်မှစ၍ သမိုင်းထင်ရှားခဲ့သည်ဟူသော ယူဆချက်၊ ထင်မြင်ချက်သည် နီးစပ်မှုရှိပြီး အဓိပ္ပာယ်ဆက်စပ်မှုလည်းရှိသည်။ အင်း (၄) ရွာကိုစတင်ခဲ့သော ရွာကြီး လေးရွာမှာ ဝမ့်လုံရွာ (ခေါ်) ရွာကြီး၊ ဗန်ပုံရွာ (ရွာကြီး)၊ နမ့်ပန်ရွာ၊ နောင်တောရွာ(ခေါ်) နောင်တောင်းရွာနှင့် ဟိုင်းယ (ခေါ်) ဟဲယာရွာမတို့ပင် ဖြစ်ကြသည်။

**လူဦးရေနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

အင်းလေးဒေသတွင် ကျေးရွာအုပ်စုပေါင်း ၃၄ အုပ်စု၊ ကျေးရွာပေါင်း ၄၃၄ ရွာတွင် လူဦးရေ ၁၈၇၀၀၀ ကျော် နေထိုင်လျက်ရှိသည်။ ရှေးယခင်ကာလများကတည်းကပင် အင်းသားများသည် ငါးဖမ်းလုပ်ငန်းနှင့်အတူ ရေခြံစိုက်ပျိုးရေးလုပ်ငန်း၊ ပန်းထိမ်၊ ပန်းပဲနှင့် ရက်ကန်းလုပ်ငန်း အစရှိသော အခြားအိမ်တွင်းမှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

**အင်းလေးဒေသ၏မြေမျက်နှာသွင်ပြင်အမျိုးအစားနှင့် ယေဘုယျအခြေအနေ**

မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးဖြစ်သော ရှမ်းကုန်းမြေမြင့်ရေပြင်တစ်ခုဖြစ်သည့် အင်းလေးကန်သည် အရှေ့တောင်အာရှရှိ အကြီးဆုံးကုန်းတွင်း ရေတိမ်ဒေသ(Wetland) ကြီးများစာရင်း၌ တစ်ခုအပါအဝင်ဖြစ်သည်။ ယခုလက်ရှိ တိုင်းတာချက်အရ အင်းလေးကန်မှာ အလျား ၁၇ ဒသမ ၇၀ ကီလိုမီတာ၊ အနံ ၆ ဒသမ ၄၃ ကီလိုမီတာရှိကြောင်း သိရသည်။

အင်းလေးကန်သည် ပင်လယ်ပြင်အထက် အမြင့်ပေ မီတာ ၈၈၀ တွင်ရှိပြီး ၁၉၅၈ ခုနှစ် သုတေသီတစ်ဦး၏ သုတေသနစာတမ်းအရ ရေမျက်နှာပြင် အကျယ်အဝန်းအားဖြင့် ၁၁၆ စတုရန်းကီလိုမီတာခန့်ရှိပြီး မိုးတွင်းကာလတွင် ရေအနက်မှာ လေးမီတာ၊ နွေရာသီကာလတွင် ရေအနက်မှာ ၁ ဒသမ ၅၂ မီတာသာ ကျန်ရှိကြောင်း သိရသည်။

**မြစ်နှင့် ချောင်းများ**

အင်းလေးကန်ပတ်ဝန်းကျင်တွင် ရေဝေရေလဲဧရိယာများသည် လွင်ပြင်နည်းပါးပြီး တောင်ကုန်းတောင်စောင်းများသာဖြစ်သည်။ မြေအမျိုးအစားများမှာ ရေတိုက်စားလွယ်သော မြေနီ၊ မြေခေါင်းပွနှင့် ထုံးကျောက်၊ ယေလကျောက်၊ နွံ့စေးမြေများပါဝင်သည်။ မူလက သစ်တောဖုံးလွှမ်းခဲ့သည့် တောင်များသည် တောင်ယာခုတ်ထွင် ရှင်းလင်းထွန်ယက်စိုက်ပျိုးခြင်းကြောင့် အပေါ်ယံမြေလွှာများ အချပ်လိုက်တိုက်စားခြင်း(Rill Erosion)နှင့် ကမ်းပါးပြိုတိုက်စားခြင်း (Gyll Erosion) များ ဖြစ်ပေါ်လျက် အချို့နေရာများတွင် ကျောက်တောင်၊ သဲတောင်များဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။

အင်းလေးကန်အတွင်းသို့ ချောင်းငယ်များအပါအဝင် အရှေ့ဘက်မှ ၁၇ ချောင်း၊ အနောက်ဘက်မှ ၁၁ ချောင်း၊ မြောက်ဘက်မှ တစ်ချောင်း စုစုပေါင်းချောင်း ၂၉ ချောင်း စီးဝင်လျက်ရှိသည်။ အရှေ့ဘက်တောင်ကြောသည် ကန်နှင့်ကပ်လျက် တောင်မြောက် အလျားလိုက်တည်ရှိနေသဖြင့် ရေဝေရေလဲဧရိယာ ကျဉ်းမြောင်းပြီး ချောင်းများတိုတောင်းကာ ရေစီးဝင်အား နည်းပါးသည်ကို တွေ့ရှိရသည်။ မြောက်ဘက်မှ စီးဝင်သော နမ့်လတ်ချောင်း၊ အနောက်ဘက်မှ စီးဝင်သော နယ်ခြားချောင်း၊ ကလောချောင်းနှင့် ဘီလူးချောင်းတို့သာ ရာသီမရွေး စီးဝင်နေပြီး ကျန်ချောင်းများမှာ မိုးရာသီကာလတွင်သာ ရေစီးဝင်ကြောင်း လေ့လာတွေ့ရှိရသည်။ ဂြိုဟ်တုဓာတ်ပုံများကို လေ့လာရာတွင် ရေပယ်ချောင်း (နယ်ခြားချောင်း)၊ သန်းတောင်ချောင်း (ကလောချောင်း)နှင့် အင်းတိန်ချောင်း(အထက်ဘီလူးချောင်း)တို့ စီးဝင်ရာ ဒေသများသည် ကန်ရေပြင်သို့ နုန်းအနည်အများဆုံး ဖုံးလွှမ်းနေကြောင်း တွေ့ရှိရသည်။

အင်းလေးကန်အတွင်းသို့ အရှေ့ဘက်တောင်တန်းများမှ စီးဝင်သောချောင်း ၁၇ ချောင်း ရေဆင်းဧရိယာ ၁၄၆ စတုရန်းမိုင်၊ အနောက်ဘက်တောင်တန်းများမှ စီးဝင်သောချောင်း ၁၁ ချောင်း၊ ရေဆင်းဧရိယာ ၇၄၈ စတုရန်းမိုင်၊ မြောက်ဘက်မှ စီးဝင်သောချောင်း တစ်ချောင်း၊ ရေဆင်းဧရိယာ ၅၂၈ စတုရန်းမိုင်၊ စုစုပေါင်းချောင်း ၂၉ ချောင်းမှ ရေဆင်းဧရိယာစုစုပေါင်း ၁၄၂၂ စတုရန်းမိုင်ရှိသည်။

၁၉၈၉ ခုနှစ်တွင် အင်းလေးကန်အတွင်း ရေနည်းပါးလာသဖြင့် ညောင်ရွှေမြို့မှ အင်းလေးကန်ဝအထိ လက်ရှိအသုံးပြုနေသော နန့်ကတ်ချောင်းရေလမ်းကြောင်းမှာ သဲနုန်းများပို့ချမှုကြောင့် တိမ်ကောလာ၍ ရေလမ်းခရီးအခက်အခဲရှိကြောင်း သိရသည်။ ရှမ်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ညွှန်ကြားချက်ဖြင့် အင်းလေးကန်သာယာလှပရေးနှင့် စက်လှေများ ရာသီမရွေးသွားလာနိုင်ရေးအတွက် နန့်ကတ်ချောင်းအပါအဝင် ရေလမ်းကြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အင်းလေးကန်အတွင်း စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ် ဇွန်လအတွင်း နန့်ကတ်ချောင်း ရေလမ်းကြောင်းပြုပြင်တိုင်းတာခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်၍ ယခုအချိန်အထိ ရေလမ်းကြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

**အင်းလေးကန်အကျယ်အဝန်းနှင့် မြေအသုံးချမှုအခြေအနေ**

အင်းလေးကန် အကျယ်အဝန်းမှာ ၂၀၀၇ ခုနှစ်က ၁၆၃ ဒသမ ၂ စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းခဲ့ပြီး လက်ရှိအချိန်၌ မိုးရာသီကာလတွင် ဧရိယာ ၆၃ စတုရန်းမိုင်ကျယ်ဝန်းပြီး နွေရာသီကာလတွင် ၄၈ စတုရန်းမိုင်ကျယ်ဝန်းသည်။ အင်းလေးကန်သည် သဘာဝဝန်းကျင်အနေအထား ပြောင်းလဲလာမှု၊ ရာသီဥတုပြောင်းလဲလာမှုဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပေါ်နေမှု၊ ရေဝေရေလဲဧရိယာအတွင်း မြေယာအသုံးချမှု ပုံစံပြောင်းလဲလာမှုတို့ကြောင့် မူလက ၁၀၄ စတုရန်းမိုင်အထိ ကျယ်ဝန်းခဲ့ရာမှ စိုက်ခင်းများ များပြားလာမှုတို့ကြောင့် ၂၀၀၇ ခုနှစ် ဧပြီလအတွင်း တိုင်းတာချက်အရ လက်ရှိနယ်နိမိတ်ဧရိယာသည်

**စာမျက်နှာ ၁၉ သို့ ■**

**“အင်းလေးနေပြည်သူများ၏ လူဦးရေတိုးပွားများပြားလာခြင်းနှင့် ဒေသဖွံ့ဖြိုးလာခြင်းများသည်လည်း အာရုံစိုက်စရာ အခြေအနေတစ်ခုဖြစ်လာပြီး ငါးရှာဖွေသည့်လူအင်အားသည်လည်း ဆတက်ထမ်းပိုးများပြားလာကာ သမားရိုးကျ ငါးရှာဖွေသည့်နည်းလမ်းများအပြင် တရားမဝင်နည်းလမ်းများ (ဥပမာ ဘက်ထရီရှော့တိုက်ခြင်း) အသုံးပြု၍ ငါးအလွန်အကျွံဖမ်းဆီးလာကြသည်။ ရာသီဥတုပြောင်းလဲလာခြင်း၊ စိုက်ပျိုးရေးခြံလုပ်ငန်းတွင်အသုံးပြုသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ရက်ကန်းရုံများမှ အသုံးပြုလာသောဓာတုဆိုးဆေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကြောင့် အင်းလေးကန်အတွင်းရှိ တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ခြင်းနှင့် ငါးဖမ်းဆီးရရှိမှုမှာ ယခင်ကာလများထက် သိသာထင်ရှားစွာလျော့နည်းလာခဲ့”**

■ စာမျက်နှာ ၁၈ မှ

၆၃ စတုရန်းမိုင် တည်ရှိကြောင်း အောက်ပါအတိုင်း တိုင်းတာတွေ့ရှိရသည်။

(က) အင်းရေပြင်ဧရိယာ ၂၄ စတုရန်းမိုင်
(ခ) ကျွန်းမျောရိုင်းဧရိယာ ၁၃ စတုရန်းမိုင်
(ဂ) ကျွန်းမျောစိုက်ခင်းဧရိယာ ၁၅ စတုရန်းမိုင်
(ဃ) လူနေထိုင်သည့်ဧရိယာ ၃ စတုရန်းမိုင်
(င) စိုက်ပျိုးမြေဧရိယာ ၈ စတုရန်းမိုင်
**စုစုပေါင်း ၆၃ စတုရန်းမိုင်**

**တောအမျိုးအစားနှင့် သဘာဝတောအခြေအနေ**

အင်းလေးကန်၏ ရေဝေရေလဲဧရိယာအတွင်းရှိ သဘာဝတောများသည် ဒေသနှင့်အမြင့်ပေအလိုက် တောအမျိုးအစားကွဲပြားလျက်ရှိပြီး အမြင့်ပေ ၄၀၀၀ ပတ်ဝန်းကျင်တွင် ထင်းရှူးတောများ၊ အသင့်အတင့်မြင့်သော တောင်ကုန်းများတွင် တောင်ပေါ်ရွက်ပြတ်တောများနှင့်မြေနိမ့်ပိုင်းများတွင် အင်းတိုင်တောခြောက်များတွေ့ရှိရသည်။ အများအားဖြင့် သဘာဝတောများသည် ဓမ္မတာမျိုးဆက်မှုအခြေအနေ အသင့်အတင့်ကောင်းမွန်၍ ဒေသခံပြည်သူများအကူအညီဖြင့် ကာကွယ်ထိန်းသိမ်းပေးလျှင် သဘာဝတောတောင်များအဖြစ် ပြန်လည်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။

**အင်းလေးကန် ထိန်းသိမ်းစောင့်ရှောက်ရေး အမျိုးအစားသတ်မှတ်ခြင်း**

သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှာလည်း အင်းလေးကန်ဒေသအား ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ အောက်ဖော်ပြပါအတိုင်း အမျိုးအစားသတ်မှတ်စာရင်းသွင်းထားရှိပြီးဖြစ်သည်။

ဓာတ်မြေဩဇာနှင့် ရက်ကန်းရုံများမှ အသုံးပြုလာသော ဓာတုဆိုးဆေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုများကြောင့် အင်းလေးကန်အတွင်းရှိ တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ခြင်းနှင့် ငါးဖမ်းဆီးရရှိမှုမှာ ယခင်ကာလများထက် သိသာထင်ရှားစွာလျော့နည်းလာခဲ့သည်။

မြင့်မားသောတောင်တန်းများဖြင့် ဝန်းရံထားသောကန်ကြီးသည် ကမ္ဘာပေါ်၌ အခြားနေရာများတွင် မတွေ့ရှိနိုင်သော ငါးမျိုးစိတ်များစွာကို ပိုင်ဆိုင်ထားရှိသည်။ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ကွင်းဆင်းသုတေသန ပြုလုပ်ချက်များအရ အင်းလေးကန်၏ ဒေသရင်းငါးမျိုးစိတ် (Endemic Species) သုံးမျိုး၊ တိုင်းရင်းငါးမျိုးစိတ် (Native Species) ၁၀ မျိုး၊ ပြင်ပငါးမျိုးစိတ် (Introduce Species) ၁၂ မျိုး စုစုပေါင်း ငါးမျိုးစိတ် ၂၅ မျိုးကို မှတ်တမ်းတင်ရရှိသည်။

အင်းလေးကန်အတွင်း ဒေသရင်းငါးမျိုးစိတ်များဖြစ်သည့် ငါးဖိန်း၊ ငါးရစ်၊ ငါးတောင်နွယ်၊ ငါးခူရှင်ဖ၊ ငါးနီစိမ်း၊ ငါးဖြူစိမ်း၊ ငါးပုတ်မဆန်းမကြာ၊ ငါးအုံးမက်၊ ငါးသမ စသည့်ငါးမျိုးစိတ်များမှာ မျိုးသုဉ်းလုနီးပါးရင်ဆိုင်နေရသည်။

အင်းလေးငါးဖိန်း (Cyprinus intha , Annandale 1918) သည် ငါးကြင်းမျိုးနွယ်ဝင် ငါးမျိုးဖြစ်ပြီး အင်းလေးကန်၏ဒေသထွက်အစားအစာများအနက် အဓိက နှစ်ခြိုက်စွာစားသုံးသော ရေထွက်အစားအစာဖြစ်သည်။ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ယခုအခါ IUCN List အမျိုးအစား

| ခုနှစ် | အမျိုးအစား |
|---|---|
| ၁၉၈၅ | အင်းလေးကန်ဒေသ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(Inle Lake Wildlife Sanctuary) |
| ၂၀၀၃ | အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) |
| ၂၀၁၅ | အင်းလေးကန် ဇီဝအဝန်းနယ်မြေ (Inle Lake Biosphere Reserved, World Biosphere Reserved, Man and The Biosphere Programme) |
| ၂၀၁၈ | အင်းလေးကန် ရမ်ဆာရေဝပ်ဒေသ ( Inle Lake RAMSAR Site) |
| ၂၀၂၀ | အရှေ့အာရှ- ဩစတြေးလျငှက်များ ပျံသန်းရာလမ်းကြောင်း (EAAF Net Work Site) |

အထက်ဖော်ပြပါ သတ်မှတ်ထားရှိမှုအရ အင်းလေးကန်ကြီး ရေရှည်တည်တံ့ စိမ်းလန်းစိုပြည်စေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့က နှစ်ရှည်၊ နှစ်တိုစီမံကိန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ငါးလုပ်ငန်းဦးစီးဌာန၊ သဘာဝသားငှက်နှင့် တိရစ္ဆာန်များထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society)၊ တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနတို့က အင်းလေးကန်အတွင်းရှိ ဇီဝမျိုးစုံ၊ မျိုးကွဲများအား စစ်တမ်းများကောက်ယူထိန်းသိမ်းရေး၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန် တိရစ္ဆာန်ဘေးမဲ့တောသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ တွင် တည်ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်အတွင်းရှိ ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း တည်ရှိပြီး အကျယ်အဝန်းမှာ ၁၃၁၈၈၇ ဒသမ ၇၇ ဧက၊ (၂၀၆ ဒသမ ၀၇ စတုရန်းမိုင်)ကျယ်ဝန်းသည်။

**ငါးသယံဇာတအခြေအနေ**

အင်းလေးနေ ပြည်သူများ၏ လူဦးရေတိုးပွားများပြားလာခြင်းနှင့် ဒေသဖွံ့ဖြိုးလာခြင်းများသည်လည်း အာရုံစိုက်စရာအခြေအနေတစ်ခုဖြစ်လာပြီး ငါးရှာဖွေသည့် လူအင်အားသည်လည်း ဆတက်ထမ်းပိုးများပြားလာကာ သမားရိုးကျ ငါးရှာဖွေသည့်နည်းလမ်းများအပြင် တရားမဝင်နည်းလမ်းများ (ဥပမာ ဘက်ထရီရှော့တိုက်ခြင်း) အသုံးပြု၍ ငါးအလွန်အကျွံဖမ်းဆီးလာကြသည်။ ရာသီဥတုပြောင်းလဲလာခြင်း၊ စိုက်ပျိုးရေးခြံလုပ်ငန်းတွင် အသုံးပြုသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ တွင် ပါဝင်လျက်ရှိပြီး ယင်းမျိုးစိတ်များသည် ရေကန်၏ ကမ်းစပ်အနီးတစ်ဝိုက်တွင် နေထိုင်ကြသည်။ ထို့အပြင် ဤမျိုးစိတ်များသည် မကြာသေးမီက အင်းလေးကန်တွင် ထည့်သွင်းမွေးမြူခဲ့သော ရွှေဝါငါးကြင်း (Cyprinus carpio )နှင့် အစာရရှိရေး ပြိုင်ဆိုင်မှုများနှင့် မျိုးများရောနှောမျိုးစပ်ခြင်းများကြောင့်သော်လည်းကောင်း၊ အခြားသော ပြည်ပငါးမျိုးများကြောင့် အင်းလေးကန်အတွင်းရှိ တိုင်းရင်းနှင့် ဒေသငါးမျိုးစိတ်များ ထည့်သွင်းဝင်ရောက်မှုကြောင့်သော်လည်းကောင်း ပျောက်ကွယ်မှုရှိနိုင်သည်။

အင်းလေးကန်မှ ရေလုပ်သားများ အသုံးပြုသည့် ရိုးရာငါးဖမ်းကိရိယာ အမျိုးအစားများမှာ တံမြက်ပိုက်၊ ချိတ်နှင့်ကြိုး၊ အင်းလေးဆောင်းနှင့် မြှုံးများဖြစ်သည်။ တန်း (တား)ပိုက်များမှ ဖမ်းမိလာသော အဓိကငါးမျိုးစိတ်များမှာ တီလားဗီးယား၊ ငါးဖယ်နှင့် ငါးရံ့စသည်တို့ဖြစ်သော်လည်း ငါးများကို အလွန်အကျွံဖမ်းဆီးလာကြခြင်းနှင့် ခွင့်ပြုမထားသည့် ငါးဖမ်းနည်းစနစ်များ အသုံးပြုခြင်းကြောင့် ငါးဖိန်း (Cyprinusintha) အပါအဝင် ဒေသငါးမျိုးစိတ်အချို့မှာလည်း တစ်နှစ်ထက်တစ်နှစ် ဖမ်းဆီးရရှိမှုလျော့နည်းလာသည်။

အထူးသဖြင့် အဆိုပါပြဿနာများကို ကျော်လွှားနိုင်ရန် မျိုးသုဉ်းလုနီးပါးမျိုးစိတ်များအား သားပေါက်ထုတ်လုပ်ခြင်းနှင့် မွေးမြူခြင်းသည် နိုင်ငံအတွင်း ရေချိုငါးလုပ်ငန်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက မျိုးသုဉ်းလုနီးပါး ရေနေမျိုးစိတ်များကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူများအတွက် ရေရှည်တည်တံ့သော ငါးဖမ်းလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ပေါ်စေရေးနှင့်



ငါးတောင်နွယ်(Systomus compressiformis)



ငါးခူရှင်ဖ(Silurus burmanensis)



ငါးပုတ်ဆာမ (Celestichthys erythromicron)



မြီးနီခေါင်းနီ (Sawbwa resplendens)



ငါးနီစိမ်း(Microrasbora rubescens)



ငါးကျောင်(Neolissochilus nigrovittatus)



ငါးဖိန်း(Cyprinus intha )



ငါးအုံးမက်(Channa harcourtbutleri)



ငါးဖြောက်(Petruichthys brevis)



ငါးလူး(Gymnostomus horai)



ငါးရစ်(Poropuntius schanicus)

**အင်းလေးကန်အတွင်းရှိ ဒေသရင်းငါးမျိုးစိတ် (Endemic Species)**

စားရေရိက္ခာဖူလုံရေးတို့အတွက် အထူးသဖြင့် အင်းလေးကန်အတွင်း ငါးလုပ်ငန်းဆိုင်ရာ မျိုးထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဒေသခံရေလုပ်သားများအား ပညာပေးလုပ်ငန်းများ၊ ဟောပြောဆွေးနွေးခြင်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ စီမံချက်ချမှတ်ကာ ငါးလုပ်ငန်းဆိုင်ရာ အစုအဖွဲ့များ စနစ်တကျဖွဲ့စည်းပေးခြင်းဖြင့် ပေါ်ပေါက်လျက်ရှိသော အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

အင်းလေးကန်မှရသော ငါးများကို လတ်လတ်ဆတ်ဆတ်ရောင်းချလေ့ရှိသည်ကို တွေ့ရတတ်သည်။ ရေလုပ်သားများအနေဖြင့် ငါးများကို စနစ်တကျမျိုးပွားစေခြင်း၊ သားဖောက်ခြင်း၊ သားပေါက်ထုတ်လုပ်ပြုစုခြင်းနှင့် မျိုးစိုက်ထုတ်ခြင်းလုပ်ငန်းများတွင် နည်းပညာလိုအပ်လျက်ရှိပြီး မိရိုးဖလာမွေးမြူလုပ်ကိုင်လာရာမှ တဖြည်းဖြည်း မျိုးရင်းများပျောက်ကွယ်လာခဲ့ကြောင်း ၂၀၁၁ ခုနှစ်တွင် IUCN RED List ၏ အင်းလေးကန်အတွင်းရှိ အင်းလေးငါးကြင်းမျိုးစိတ်များ လေ့လာမှုရလဒ်များအရ မျိုးသုဉ်းပျောက်ကွယ်ပြီးစာရင်းတွင်ပါ ကြေညာခဲ့ကြောင်း သိရသည်။

ယခုအခါ ငါးလုပ်ငန်းဦးစီးဌာနက အင်းလေးကန်အတွင်း မြစိမ်းရောင်ကျေးရွာ ၁၀ ရွာအဖြစ် တည်ထောင်၍ ချေးငွေထုတ်ပေးခြင်း၊ အသိပညာပေးခြင်း၊ မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၃၀-၇-၂၀၁၄ ရက်နေ့တွင် အင်းလေးကန်ရှိ ဒေသငါး ငါးဖိန်း (Cyprinus Intha) ထိန်းသိမ်းနိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရှမ်းပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပါဝင်စည်းရုံးမှု၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ တောင်ကြီးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ဆရာဆရာမများက ငါးဖိန်းငါးမျိုးစိတ်နှင့်ပတ်သက်သည့်စာတမ်းများ တင်သွင်းဖတ်ကြားခဲ့သည်။

အင်းလေးကန်အတွင်းရှိ ငါးသယံဇာတများကို ပြန်လည်ဖြည့်တင်းရန် အဘက်ဘက်မှ အားစိုက်ကြိုးပမ်းသင့်ပြီး လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားကာ အင်းလေးကန်ရှိ မြန်မာ့သဘာဝပိုင်ဆိုင်မှုများဖြစ်သော အင်းလေးဒေသငါးသယံဇာတအရင်းအမြစ်များ အစုလိုက်အပြုံလိုက် လုံးဝပျောက်ကွယ်မသွားစေရန် ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်မှုများအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများအတွင်း ပေါင်းစည်းညှိနှိုင်းခြင်းများဖြင့် အရေးတယူနှင့် အချိန်မီဆောင်ရွက်မှုမရှိပါက နောက်ဆုံးတွင် အင်းလေးကန်အတွင်းရှိ လူသားတို့အတွက် အရေးပါသော ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်သွားမည်မှာ မုချကေန်ပင်ဖြစ်သည်။

အင်းလေးကန်တွင် ဒေသရင်းငါးမျိုးများစွာရှိသည့်အနက် ၂၀၀၆ ခုနှစ်မှစ၍ တီလားဗီးယားငါးမျိုးများ လွန်စွာပေါ်များလာခြင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှစ၍ ငါးပြေမနှင့် ငါးကျည်းငါးမျိုးများပေါ်များလာခြင်းတို့ကြောင့် ဒေသတိုင်းရင်းငါးမျိုးများ၏ ဂေဟစနစ်နှင့် ငါးနေထိုင်မှုကို ထိခိုက်စေသည်။

အင်းလေးကန်ရေညစ်ညမ်းရသည့် အကြောင်းရင်းများတွင် ကန်အတွင်းသို့ ခြေတံရှည်လူနေအိမ်များ တိုးချဲ့ဆောက်လုပ်ကာ ကျူးကျော်နေထိုင်ခြင်း၊ ကန်အနီးရွှေ့ပြောင်းတောင်ယာများ ခုတ်ထွင်ရှင်းလင်းခြင်းကြောင့် သဲနုန်းပို့ချမှု များပြားခြင်း၊ စက်မှုဇုန်များမှ ရေဆိုးများဝင်ရောက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် လမ်းများချဲ့ထွင်ခြင်းမှ မြေသားများအား စုပုံထားချိန် မိုးရာသီရေစီးချိန်တွင် မျောပါ၍ ကန်အတွင်းဝင်ရောက်ခြင်းတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

ထို့အပြင် တရားမဝင်ငါးဖမ်းခြင်း (အဆိပ်ချ၊ မိုင်းခွဲ၊ ဘက်ထရီရှော့တိုက်)၊ စိုက်ပျိုးရေးခြံများမှ ပိုးသတ်ဆေးနှင့် မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ ရက်ကန်းလုပ်ငန်းများမှ အဝတ်အထည်ဆိုးဆေးများအား ကန်ရေပြင်အတွင်း တိုက်ရိုက်စွန့်ပစ်ခြင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် စက်လှေများ အချိန်မရွေးသွားလာခြင်း၊ စားသောက်ဆိုင်နှင့် လူနေအိမ်များ၊ စက်လှေများမှ အမှိုက်များစွန့်ပစ်ခြင်း၊ လူနေအိမ်များတိုးချဲ့ဆောက်လုပ်ခြင်း၊ တားမြစ်ထားသော အလှမွေးငါးများအား တင်သွင်းမွေးမြူကြ၍ အကောင်ကြီးထွားလာချိန်တွင် အင်းရေပြင်အတွင်း ဘေးမဲ့လွှတ်ခြင်းတို့ကြောင့် ဒေသရင်းငါးမျိုးစိတ်အများစုမှာ အင်းလေးရေပြင်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လျက်ရှိသော လူနေအိမ်ခြေနည်းပါးပြီး ရေအရည်အသွေးကောင်းမွန်သော ဖယ်ခုံအင်း (မိုးဗြဲဆည်)အတွင်းသို့ ပြောင်းရွှေ့ကျက်စားကြသည်။

(ဆက်လက်ဖော်ပြပါမည်)

ပုံပြင်

# ရဲသုံးဖော်

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

လူကလေးသည် သူတို့အား ပန်းသီးနှင့် သစ်တော်သီးများကို ခူးသွားရန် အကြံပေးသည်။ ထိုပန်းသီးကို သူတို့ကို ဒုက္ခပေးလိုက်သည့် မင်းသမီးအား ကျွေးပြီးနောက် နှာခေါင်းရှည်လာသောအခါ မိမိတို့အလိုရှိတိုင်း ပြုလုပ်နိုင်သည်ဟုလည်း အကြံပေးလေသည်။ သူတို့သည် ထိုအကြံကို များစွာသဘောကျကြသည်။ ထိုအကြံ ထမြောက်ရန်လည်း နှာခေါင်းရှည်ဖူးသော စစ်သားကပင် တာဝန်ယူလိုက်လေသည်။

သို့ဖြင့် ထိုစစ်သားသည် ဥယျာဉ်မှူးအသွင် ဝတ်ဆင်ပြီးနောက် ပန်းသီးများကို နန်းတော်သို့ ယူဆောင်သွားသည်။ လမ်းတွင် လူအများက ပန်းသီးများကို ရောင်းရန်ပြောကြားသော်လည်း သူသည် မရောင်းပေ။ မင်းသမီးလေးအတွက် ဆက်သရန် ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ မင်းသမီးသည် ထိုပန်းသီးများကိုမြင်သော် အလွန်နှစ်သက်ခြင်း ဖြစ်မိသည်။ ထို့ကြောင့် အစေခံတစ်ယောက်ကို လွှတ်၍ဝယ်ခိုင်း၏။ ထို့နောက် ချက်ချင်းပင် မြည်းစမ်းကြည့်လေ၏။ ပန်းသီးသုံးလုံး စားပြီးသည်နှင့်တစ်ပြိုင်နက် မင်းသမီးနှာခေါင်းသည် ရှည်ထွက်စပြုလာလေတော့၏။ သူသည် အလွန်ထိတ်လန့်ကာ မည်သို့ ပြုရမည်မသိဖြစ်နေ၏။ သူ၏ နှာခေါင်းကား တစ်စတစ်စရှည်လာလေပြီ။

ဘုရင်ကြီးသည် သမီးတော်အတွက် စိတ်မအေးနိုင်အောင်ရှိလေ၏။ ထိုရောဂါဆိုးမှ လွတ်မြောက်အောင် ကုသနိုင်မည့်သူကိုဆုငွေများစွာ ပေးမည်ဟုလည်း နိုင်ငံအနှံ့လှည့်လည်ကြေညာစေ၏။ သို့သော် မည်သူမျှ မတတ်နိုင်ပေ။ ဤတွင် စစ်သားသည် ဆေးဆရာအသွင်ဆောင်လျက် ရောက်လာ၏။ မင်းသမီး၏ရောဂါကို သူကုသပေးနိုင်သည်ဟူ၍လည်းဆို၏။ သူသည် မင်းသမီးအား မိုက်ပြစ်အတွက် ဒဏ်ပေးလိုသေးရကား ပန်းသီးစိတ်အနည်းငယ်ကို ဆေးအဖြစ်ပေး၏။ ထို့နောက် နောက်တစ်နေ့တွင် လာကြည့်မည်ဟုဆိုကာ ပြန်သွား၏။

နောက်တစ်နေ့တွင် မင်းသမီး၏ နှာခေါင်းသည် ပိုမိုဆိုးရွားစွာ ရှည်ထွက်နေသည်ကို တွေ့ရလေသည်။ မင်းသမီးကား သေလုမတတ် ထိတ်လန့်လျက်ရှိတော့၏။ ထိုအခါ ဆေးဆရာသည် သစ်တော်သီးကို သေးငယ်စွာစိတ်လျက်ကျွေးသည်။ ထို့နောက် နောက်တစ်နေ့မှလာကြည့်ဦးမည်ဟုဆိုကာ ပြန်သွား၏။ နောက်တစ်နေ့တွင် မင်းသမီး၏ နှာခေါင်းသည် အနည်းငယ်တိုလာသယောင်ရှိလာသည်။ သို့ရာတွင် ဆရာ မရောက်မီကထက် ရှည်နေပေသေးသည်။

စစ်သားသည် မင်းသမီးအား ထိတ်လန့်စေလိုသေးသဖြင့် ပန်းသီးစိတ်ကို ကျွေးပြန်သည်။ ပြီးလျှင် နောက်တစ်နေ့မှာ လာကြည့်မည်ဆိုကာ ပြန်သွားပြန်၏။ နောက်တစ်နေ့တွင်ကား မင်းသမီး၏ နှာခေါင်းမှာ ဆယ်ဆမျှ ပိုမိုရှည်ထွက်နေပြန်လေသည်။

ထိုအခါစစ်သားက...

"သင်မင်းသမီး၊ ကျွန်ုပ်၏ဆေးစွမ်းကို တစ်စုံတစ်ရာသောအကြောင်းက ဖျက်ဆီးနေပါသည်။ ထိုအကြောင်းမှာ အခြားမဟုတ်၊ သင်သည် သူတစ်ပါး၏ ပစ္စည်းများကို ခိုးဝှက်ထားမိသောကြောင့်ပင်ဖြစ်လိမ့်မည်။ သို့ဆိုပါက ကျွန်ုပ်၏ ဆေးစွမ်းမှာ ထိရောက်နိုင်မည်မဟုတ်၊ သင့်နှာခေါင်းရောဂါသည်လည်း ပျောက်ကင်းမည်မဟုတ်"ဟု ပြောဆိုလေသည်။

မင်းသမီးကမူ သူသည် မည်သူ၏ပစ္စည်းကိုမျှခိုးဝှက်မထားပါဟု ပြောဆိုငြင်းကွယ်သည်။ ထိုအခါ စစ်သားက...

"မင်းသမီး... တစ်ပါးသူ၏ပစ္စည်းကို သင်ယူမထားပါက ကျွန်ုပ်၏ဆေးသည် ကောင်းစွာ အစွမ်းပြနိုင်ပါသည်။ ယခုသင်က မယူဟုဆိုသော် ကျွန်ုပ်မတတ်နိုင်ပြီ။ အကယ်၍ သင်သည် ထိုပစ္စည်းကို ပိုင်ရှင်ထံပြန်ပေးပါမူကား သင့်ရောဂါ မုချပျောက်ကင်းအောင် ကျွန်ုပ်ကုသပေးနိုင်ပါသည်" ဟုဆို၏။ ထို့နောက် သူသည် ဘုရင့်ထံသွား၍လည်း အကြောင်းစုံပြောပြ၏။ ထိုအခါ ဘုရင်ကြီးသည် မင်းသမီးထံလာရောက်၍ စစ်သားများထံမှ ယူထားသော ဝတ်ရုံ၊ ငွေအိတ်၊ ကျွဲချိုတို့ကို ပြန်ပေးလိုက်ရန် တိုက်တွန်း၏။ ထိုအခါမှ မင်းသမီးသည် ရံရွေတော်တစ်ယောက်အား ထိုပစ္စည်းများကို ယူလာစေ၏။ ထို့နောက် ပစ္စည်းသုံးခုကို ဆေးဆရာထံ အပ်နှံလျက် ပိုင်ရှင်များကို ရှာဖွေပြန်ပေးရန် တောင်းပန်လေ၏။ စစ်သားသည် ထိုပစ္စည်း သူ့လက်တွင်းသို့ ကောင်းစွာ ရောက်သည်နှင့်တစ်ပြိုင်နက် သစ်တော်သီးတစ်လုံးလုံးကို မင်းသမီးအားကျွေး၏။ ယင်းသစ်တော်သီးကို စားသည့်ခဏ၌ပင် မင်းသမီး၏ နှာခေါင်းသည် အကောင်းပကတိပြန်လည်ဖြစ်လာလေ၏။

စစ်သားသည်ဘုရင်ကြီးနှင့်တကွ နန်းတော်သူ နန်းတော်သားများကိုနှုတ်ဆက်သည်။ ထို့နောက် ဝတ်ရုံကိုခြုံလိုက်ကာ သူ့ရဲဘော်များထံ ပြန်ရောက်ရန် တောင့်တလိုက်သည်။ ချက်ချင်းပင် သူသည် ရဲဘော်နှစ်ယောက်ထံ ရောက်ရှိသွားလေ၏။ သူတို့သည် ပြန်လည်ရရှိသော သူတို့ပစ္စည်းများကို ကြည့်ကာ ဝမ်းသာအားရဖြစ်နေကြလေသည်။

ထိုနေ့မှစ၍ သူတို့သည် ရဲတိုက်၌ပင် ပျော်ရွှင်စွာ အတူတကွနေထိုင်ကြလေ၏။ တစ်ခါတစ်ရံတွင်မူ ရဲသုံးဖော်သည် မြင်းညိုကြီးသုံးကောင်ကသော ရထားကြီးကိုစီးလျက် လေညင်းခံထွက်တတ်ကြလေသည်။ ။

ပစ္စည်းသုံးခုကို ဆေးဆရာထံ အပ်နှံလျက် ပိုင်ရှင်များကို ရှာဖွေပြန်ပေးရန် တောင်းပန်လေ၏။ စစ်သားသည် ထိုပစ္စည်း သူ့လက်တွင်းသို့ ကောင်းစွာ ရောက်သည်နှင့်တစ်ပြိုင်နက် သစ်တော်သီးတစ်လုံးလုံးကို မင်းသမီးအား ကျွေး၏။ ယင်းသစ်တော်သီးကို စားသည့်ခဏ၌ပင် မင်းသမီး၏နှာခေါင်းသည် အကောင်းပကတိပြန်လည်ဖြစ်လာလေ၏။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



## ကဗျာ

### တစ်ညခါ

✣ ကောင်းကင်ယံ တိမ်တွင်းက
လမင်းကြီး ထွက်ချိန်ခါ။
ထူးတင့်သာယာ။
ညဥ့်လွှာကပြာ
မာလာက ပျံ့မွှေး။
ပျိုထွေး ပျော်ရွှင်စွာမို့
ကြည်အေး ဘော်စင်ဖြာလို့
တောင်သဥ္ဇာ ဆောင်အခန်းမှာ
မှန်းဆလို့တွေး။
✣ သိင်္ဂုတ်ဆို တောင်သိင်္ဂတွင်ဖြင့်
မင်းဥက္ကာ တည်ခဲ့ပေ
တိဂုံတဲ့လေ။
တန်ခိုးငယ်ထွေ
စိန္တေယျမြတ်လေး
ဆီမီးရယ် ဆာဝေဝေနဲ့
လမင်းရယ် ဝါရွှေရွှေနဲ့
ဆံတော်ဘွေ စေတီဦးမှာ
ထူးတဲ့ရောင်သွေး။
✣ ကန်တော်လယ် ငွေသောင်ကျွန်းသို့
လွမ်းဖွယ် အာရုံဆင်
စိမ်းလဲ့ညိုလွင်။
ပျိုထွေးဖြင့် ရှင်
ပျော်ရွှင်လို့ ဆိုတေး။
လသာသာ ပြာညိုရီနှင့်
ညအခါ စာကိုစီလို့
ချိုအေးကြည် ကဗျာဆန်းကို
မှန်းလို့စီရေး။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၁၀

## လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

### မာသာထရီဇာ

### မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

မာသာထရီဇာကို မက်ဆီဒိုးနီးယားရှိ စကော့ဂျီတွင် ၁၉၁၀ ပြည့်နှစ်က မွေးဖွားခဲ့သည်။ သူသည် ဆင်းရဲသောလူများနှင့် သေလုဆဲဆဲလူများအတွက် ကြည့်ရှုစောင့်ရှောက်ရန် သူ့ဘဝကို နှစ်မြှုပ်ထားသော သီလရှင်တစ်ဦးဖြစ်သည်။

အားနက်စ်ဂွန်ဆွာဘိုဂျက်စ်ဟိုင်းသည် အသက် (၁၂) နှစ်တွင် သီလရှင်တစ်ဦးဖြစ်လာခဲ့ပြီး ထရီဇာဟူသောအမည်ကို ယူခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် သူ့ကို ကာလကတ္တားမြို့ရှိ ခရစ်ယာန်သီလရှင်ကျောင်းတွင် သင်ကြားရန် အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့သည်။ တစ်နေ့တွင် ယင်းမြို့ကြီးရှိ မေ့လျော့နေသောလူများ၊ အဆင်းရဲဆုံးလူများအကြား ဘုရားသခင်က သူ့ကို လိုအပ်ခဲ့ကြောင်း သူခံစားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သူသည် ကွန်ဗင့်ကျောင်းမှ ထွက်ခွာရန် ရိုမန်ကက်သလစ်အာဏာပိုင်များထံ ခွင့်တောင်းခံခဲ့သည်။ နှစ်နှစ်အကြာတွင် ယင်းခွင့်တောင်းမှုကို ခွင့်ပြုခဲ့ကြသည်။

ထိုအချိန်မှစ၍ သူသည် သူနာပြုအတတ်ကို လေ့လာဆည်းပူးခဲ့သည်။ သူ့အိတ်ကပ်ထဲရှိ ရူပီးငွေအနည်းငယ်မျှနှင့် သူသည် ကာလကတ္တားမြို့ရှိ ဆင်းရဲသားရပ်ကွက်များသို့ ရွှေ့ပြောင်းခဲ့သည်။ ထိုမြို့တွင် သူသည် ခိုကိုးရာမဲ့ဖြစ်သော ကလေးငါးဦးကို အတူတကွခေါ်ဆောင်ခဲ့ပြီး မိတ်ဆွေတစ်ဦး၏တိုက်ခန်းထဲတွင် သူတို့အား ခိုလှုံနားနေစေခဲ့သည်။ အရေအတွက်များလာသောအခါ သူ့ကျောင်းဟောင်းမှ ကလေးများနှင့် ဆရာမများသည် သူ့အား အကူအညီလာပေးကြသည်။ ဘုရားရှိခိုးကျောင်းက သူ့အား ချို့တဲ့သူများအတွက် ငွေကြေးအလှူခံပေးသောအဖွဲ့၏ သာသနာပြုအသင်းသားများ ထူထောင်ရန် ခွင့်ပြုခဲ့သည်။ သူသည် ကာလကတ္တားမြို့ရှိ သေလုဆဲဆဲပုဂ္ဂိုလ်များအတွက် နေအိမ်တစ်လုံးကို ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် အနာကြီးရောဂါသည်များ စုပေါင်းနေထိုင်ကြသော ရှန်တီနာဂါ (ငြိမ်းချမ်းရေးမြို့)ကိုလည်း ဖွင့်လှစ်ခဲ့သည်။

မာသာထရီဇာသည် အိန္ဒိယနိုင်ငံရှိ သေလုဆဲဆဲပုဂ္ဂိုလ်များအတွက် နေအိမ်များ၊ မိဘမဲ့ဂေဟာများ၊ ကျောင်းများ ၆၀ ကျော် ဖွင့်လှစ်ခဲ့ရုံမက အာရှတိုက်ရှိ အခြားနိုင်ငံများ၊ အာဖရိက၊ အမေရိက၊ ဥရောပနှင့် ဩစတြေးလျနိုင်ငံများတွင်ပါ ဖွင့်လှစ်ခဲ့သည်။ နေအိမ်များနှင့် အခြေချနေထိုင်သူအုပ်စုများအားလုံးသည် ငွေကြေးလက်ဆောင်များနှင့် အခြားအကူအညီများပေါ်တွင် မူတည်သည်။

၁၉၆၃ ခုနှစ်တွင် အိန္ဒိယအစိုးရသည် မာသာထရီဇာအား အိန္ဒိယပြည်သူများသို့ သူ၏ကူညီထောက်ပံ့ဝန်ဆောင်မှုများအတွက် ပက်မာရှရီ (ကြာပဒုမ္မာ အရှင်သခင်မ) ဆု ချီးမြှင့်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် သူသည် ငြိမ်းချမ်းရေးနိုဘယ်ဆုကို လက်ခံရရှိခဲ့သည်။ နေရာတိုင်းရှိ ဆင်းရဲသားများနှင့် ခိုကိုးရာမဲ့များကိုယ်စား ထိုဆုကို လက်ခံခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် သူသည် နေထိုင်မကောင်းခြင်း ခံစားပြီးနောက် သူ၏အတက်ကြွဆုံးအလုပ်မှ အနားယူခဲ့သည်။ ။



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃-၃-၂၀၂၃ ရက်မှအဆက်

“အဲဒီတော့ ခုတင်ကပြောခဲ့တဲ့ ရေနံ စတဲ့ သယံဇာတ တွင်းထွက်သတ္တုလုပ်ငန်းတွေ၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ၊ ပြည်တွင်း ပြည်ပ ဆန်စပါး သီးနှံရောင်းဝယ်ရေးလုပ်ငန်းတွေ၊ ပြီးတော့ အချို့လူသုံးကုန်ထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ အဲဒီလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရက အပြီးအပိုင် သိမ်းပစ်နိုင်ပါမှ တိုင်းရင်းသားပြည်သူလူထုတွေဟာ စားဝတ်နေရေး ချောင်လည်လာမှာ။”

“အဲဒီနေရာမှာ အစိုးရကိုယ်တိုင်က မဟုတ်ဘဲ တိုင်းရင်းသား အရင်းရှင်တစ်စုက နိုင်ငံခြားသား အရင်းရှင်နေရာဝင်ယူပြီး အရင်းရှင်စီးပွားရေးစနစ်နဲ့ ဆက်လက်ကျင့်သုံးသွားရင်တော့ အလကားပဲ။ ကုလားကြီးနဲ့ အရာကြီးဆိုတာလို နာမည်ကွဲပေမယ့် အတူတူပဲ။ ဒို့ပြင်ဟာ မကြည့်နဲ့၊ ဒီနေ့ စက်မှုလက်မှု ထွန်းကားပြီး အလွန်ချမ်းသာ ကြွယ်ဝနေပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံမှာ ကြည့်ပါ။ အရင်းရှင်စီးပွားရေးစနစ်နဲ့ ကျင့်သုံးနေတော့ အလုပ်လက်မဲ့ ငါးသန်းကျော်ရှိသတဲ့”

“ဟယ်၊ များလှချည်လား”

ရဲဘော်တစ်ယောက်က တအံ့တဩဖြင့် ဆိုလိုက်သည်။

“ဒီလို အလုပ်လက်မဲ့ကင်းအောင် တကယ်လုပ်ရမယ့်မူက နိုင်ငံတော်အစိုးရဟာ ပြည်သူကို ကိုယ်စားပြုနေတဲ့ အစိုးရဖြစ်ပြီး နိုင်ငံခြားသား နယ်ချဲ့အရင်းရှင်တွေ၊ တိုင်းရင်းသားအရင်းရှင်တွေ မြှုပ်နှံထားတဲ့ အရင်းအနှီးလုပ်ငန်းမှန်သမျှ လုံးဝ အပြီးအပိုင်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်မူကိုပါ လုံးဝ အသွင်ကူးပြောင်းပစ်မှ လူတိုင်းလူတိုင်းဟာ စားဝတ်နေရေး၊ လူမှုရေးပါမကျန် သက်သာချောင်ချိစွာနဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ကြမှာ။ လူတိုင်းဟာလည်း အလုပ်လက်မဲ့ရယ်လို့ မရှိ ဖြစ်သွားမှာ”

ဆရာကြီး ဦးလှဒင်သည် တစ်ချိန်က နိုင်ငံရေးလိုက်စားခဲ့သော ရဲဘော်ကြီးဖြစ်ခဲ့၏။ ယခုတော့ သူသည် နိုင်ငံရေးမှ အနားယူကာ အလွတ်ပညာသင်ကျောင်းဖွင့်၍ အေးဆေးစွာ နေခဲ့၏။ သို့သော်လည်း ၎င်း၏ လုပ်ဖော်ကိုင်ဖက်အချို့၊ နိုင်ငံရေးရဲဘော်တို့နှင့်ကား အဆက်အသွယ် မပြတ်ခဲ့ပေ။ မကြာခဏ ဆရာကြီးထံ လာရောက်ဆွေးနွေးကြ၊ အကြံဉာဏ်ယူကြဖြင့် ဆက်စပ်လျက်ရှိလေသည်။

ယင်းသို့ ဆွေးနွေးကြသည့်အခါတိုင်း ကိုအေးဆွေသည် ကြုံကြိုက်လျှင် ၎င်းတို့ စကားဝိုင်းနားသို့ ကပ်ကာ အမှတ်မထင် နားထောင်လေ့ရှိသည်။ လူရှင်းသွားသည့်အခါ အချို့ မရှင်းလင်းသော အကြောင်းအချက်၊ သဘောမပေါက်သည့် အကြောင်းအရာ၊ နားမလည်သော စကားလုံးဝေါဟာရများကို ဆရာကြီးထံကပ်၍ မေးမြန်းလေ့၊ စုံစမ်းလေ့၊ လေ့လာလေ့ ရှိခဲ့လေသည်။

ယင်းကဲ့သို့ ဆရာကြီးထံမှ ကြားဖူး၊ လေ့လာဖူးသော သဘောတရားများကိုပါ တစိမ့်စိမ့် တွေးတောလာမိသော ကိုအေးဆွေမှာ မစဉ်းစားတတ်အောင် ဖြစ်နေပြန်လေသည်။

အဘယ်ကြောင့်ဆိုသော် မိမိကဲ့သို့ အထိုက်အလျောက် ကျောင်းပညာအရည်အချင်းလေး ရှိပါလျက်နှင့် အလုပ်လက်မဲ့ဖြစ်နေရခြင်းမှာ အကပ်အရပ် မရှိ၍လော၊ ဆရာကြီးဦးလှဒင် ပြောသကဲ့သို့ အရင်းရှင်စီးပွားရေးစနစ်ကြောင့်လော၊ ဒါမှမဟုတ် အင်္ဂလိပ်တို့ ပြုလုပ်ထားခဲ့သည့် ကိုလိုနီ ကျွန်ပညာရေးစနစ်ကြောင့်လော ဆိုသည်ကိုမူ ကိုအေးဆွေလို အညတရလူသားတစ်ယောက်က ခွဲခွဲခြားခြားဖြင့် ဝေဖန်ပိုင်းဖြတ်နိုင်စွမ်း မရှိပါသေးချေ။

ဤသို့ဖြင့် တစ်နှစ်ကုန်၍ တစ်နှစ်ပြီးတစ်နှစ်သာ ဆန်းလာခဲ့သည်။ တိုင်းပြည်အခြေအနေမှာလည်း ဦးနုခေါင်းဆောင်သော ပထစအစိုးရလက်ထက်မှသည် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော တော်လှန်ရေးကောင်စီ အစိုးရလက်ထက်သို့သာ ပြောင်းလဲလာခဲ့သည်။ ကိုအေးဆွေမှာလည်း ယခုထိ တည်တံ့ခိုင်မြဲနိုင်သော အမြဲတမ်းဖြစ်နိုင်မည့် စာရေးစာချီအလုပ်ကလေး တစ်နေရာကိုပင် မရခဲ့သေးချေ။ အလုပ်ကြမ်းသမားအဖြစ်နှင့် ယောင်ခြောက်ဆယ်ဘဝတွင်သာ ရရစားစားဖြင့် သံသရာလည်နေတော့၏။

ဤကဲ့သို့ အလုပ်ကြမ်းအလုပ်များကိုပင် မလုပ်ရတစ်ချက် လုပ်ရတစ်ချက်ဖြင့် လုပ်နေရသောအခါ ကျောင်းနေချိန်လည်း မရတော့ချေ။ အလုပ်လုပ်ရသောနေ့တွင် အလုပ်က ပြန်လာလျှင်လည်း မောမော၍သာ နေတော့၏။ အလုပ်များကလည်း ဝင်ငွေမမှန်သော အလုပ်များဖြစ်သဖြင့် ကျောင်းလခလည်း မှန်မှန်မပေးနိုင်တော့ ကျောင်းထွက်လိုက်ရတော့သည်။ ကျောင်းလခ မှန်မှန်ပေးနိုင်တော့မှသာ ဆက်နေတော့မည်ဟု ဆုံးဖြတ်လိုက်ရတော့သည်။

မိဘများထံသို့လည်း လပေါင်းအတန်ကြာမှ ငွေလေးအနည်းအကျဉ်းသာ ပေးပို့နိုင်တော့သည်။ ကြာတော့လည်း ကိုအေးဆွေမှာ မိမိ အသုံးစရိတ်နှင့်ပင် မလောက်မငဖြစ်လာ၍ မပို့နိုင်သောအဆင့်သို့ ရောက်မှန်းမသိ ရောက်လာတော့သည်။

“ပွမ် ပွမ်”

တွေးမိတွေးရာတွေးတောနေမိသော ကိုအေးဆွေမှာ အိမ်ရှေ့မှ ဆိုက်ကားဟွန်း နှစ်ချက်ဆင့်တီးလိုက်သည့်အသံကြောင့် သူ့အတွေးများ ပြတ်သွားတော့သည်။ ထို့နောက် ကိုအောင်ဖေ၏ အသံကိုပါ ဆက်တိုက်ဆိုသလို ကြားလာရသည်။

“မညို၊ မညို”

“တော်”

“ထစမ်းဟေ့၊ မီးခွက်ထွန်းစမ်း။ အေးဆွေကော အိပ်ပလား”

“အိပ်ပြီနဲ့တူပါတယ်”

“နှိုးလိုက်စမ်းဟေ့။ ခေါက်ဆွဲထုပ်တွေ ဝယ်လာတယ်။ စားရအောင်လို့” ဟု ပြောပြောဆိုဆိုနှင့် “အေးဆွေ၊ အေးဆွေ ထဟေ့။ ခေါက်ဆွဲစားရအောင်” ဟု ကိုအောင်ဖေကပင် ကိုအေးဆွေအား အတင်းနှိုးနေတော့၏။

“အစ်ကိုအောင် ကျွန်တော် မစားတော့ဘူး”

အိပ်ရာထဲမှနေ၍ ကိုအေးဆွေက မထဘဲ ပြောလိုက်၏။ သူသည် မိဘများထံမှ စာကိုရပြီးသည့်ရက်ကစ၍ ညဘက်ညဘက်တွင် အိပ်မပျော်တော့ချေ။ အတွေးလွန်နေသည်။ စိတ်ဓာတ်တွေ ကျဆင်းနေသည်။ ထိုကြောင့်လည်း ဘာမျှ စားချင်သောက်ချင်စိတ်မရှိ ဖြစ်နေသည်။

“ထလကွယ်၊ ဘယ့်နှယ် မစားတော့ဘူးလို့။ မဟုတ်တာ”

“တကယ်ပါ အစ်ကိုအောင်၊ မဆာလို့ပါ”

“ဘယ့်နှယ် မဆာလို့တုံး။ မင့်အတွက်ပါ ဝယ်လာတာဟ။ ဒီနေ့ အော်ဒါဆွဲရလို့ တော်တော်တွက်ခြေကိုက်လာတာကွ။ ထဟေ့၊ ထဟေ့။ ငါတောင် အစောကြီး ပြန်လာတာ”

ထိုအခိုက် စီအိုဒီဝင်းဆီမှ ညဥ့် ၁၂ ချက်တီတီ ခေါက်လိုက်သော နာရီသံချောင်းသံကို ကြားလိုက်ရ၏။ နောက်ဆုံးတွင် ကိုအေးဆွေသည် မနေသာတော့ဘဲ ထကာ ခေါက်ဆွဲကို စားရတော့သည်။

“ဟေ့ နေဦးဟ” ဟု ကိုအောင်ဖေသည် သူ့ကိုယ်သူပင်ပြော၍ ခေါက်ဆွဲစားရင်းတန်းလန်းမှ ထကာ အောက်သို့ ဆင်းသွားသည်။ ချက်ချင်းဆိုသလိုပင် ပြန်တက်လာသည်။ သူ့လက်ထဲတွင် စာအုပ်တစ်အုပ် ပါလာသည်။

“ရော့ဟေ့ ရှေ့သို့ စာစောင်၊ မင်းကြည့်ဖို့ဆိုပြီး ဝယ်လာတာ” ဟု ဆိုကာ ကိုအောင်ဖေက လှမ်းပေးနေသည်။

ကိုအေးဆွေသည် ကိုအောင်ဖေလှမ်းပေးနေသော ရှေ့သို့ စာစောင်ကို လှမ်းယူလိုက်ပြီးလျှင် ခေါက်ဆွဲစားရင်းတန်းလန်းမှ ဟိုဟိုဒီဒီ တစ်ရွက်စီ လှျောက်လှန်ကြည့်နေသည်။ ထို့နောက် သူသည် ခေါက်ဆွဲကို အပြီးသတ်အောင် လျင်မြန်စွာစားလိုက်ပြီးနောက် ရှေ့သို့ စာစောင်ကို သဲသဲမဲမဲ ကြည့်နေလေသည်။

အတန်ကြာလျှင် သူသည် စာမျက်နှာတစ်နေရာရှိ အကြောင်းအရာစာပိုဒ်များကို နှစ်ကြိမ်သုံးကြိမ်ပင် ပြန်၍ဖတ်နေသည်။ ဖတ်လိုက် စဉ်းစားလိုက်ဖြင့် ပြုနေသည်။ ထို့နောက် သူသည် သဘောပေါက်သွားဟန်ဖြင့် ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။ နောက်ပြီး ဆုံးဖြတ်ချက်တစ်ခုခုကိုလည်း ချမှတ်ဖြစ်တော့မည်ဟု သူ့စိတ်ထဲတွင် ပိုင်းဖြတ်လိုက်လေသည်။

[ ၁၃ ]

တနင်္ဂနွေနေ့ဖြစ်၍ တက္ကသိုလ်နယ်မြေတစ်ဝိုက်သည် ငြိမ်သက်လျက် ရှိပေသည်။ သို့ရာတွင် အမျိုးသားဘော်ဒါကျောင်းဆောင်၊ အမျိုးသမီးဘော်ဒါကျောင်းဆောင်များ၌မူ အနည်းနှင့်အများ အသက်ဝင်လှုပ်ရှားလျက် ရှိလေသည်။

ကိုအေးဆွေသည် အမျိုးသမီးကျောင်းသူများ နေထိုင်ရာ အင်းလျားကျောင်းဆောင် ဧည့်ခန်းမထဲသို့ ဝင်လာပြီးနောက် ခင်သန်းဋ္ဌေး၏ အရိပ်အယောင်ကို ရှာကြည့်သည်။ မတွေ့သောအခါ အနီးရှိ ကျောင်းသူတစ်ဦးအား ခင်သန်းဋ္ဌေးကို တွေ့လိုပါကြောင်း ခေါ်ပေးပါရန် တောင်းပန်ရ၏။ ထိုကျောင်းသူလည်း ချက်ချင်းလိုပင် ထိုနေရာမှ ထွက်ခွာသွားလေသည်။

ထိုနောက် ကိုအေးဆွေသည် ဧည့်ခန်းတစ်နေရာရှိ စားပွဲကုလားထိုင်တွင် သွားရောက်ထိုင်ချလိုက်ပြီးလျှင် စားပွဲပေါ်ရှိ ၂၄-၂-၆၃ ရက် နေ့စွဲပါ ယနေ့ထုတ် သတင်းစာများမှ “မြန်မာပြည်ရှိ ဘဏ်အားလုံးကို ပြည်သူပိုင် သိမ်းလိုက်ခြင်း” ဟူသော သတင်းကို စိတ်ဝင်စားစွာ ဖတ်နေသည်။ ယင်းသို့ ဖတ်ရင်း သူသည် တစ်ခါက ဆရာကြီးဦးလှဒင်ပြောခဲ့ဖူးသော “ဘဏ်လုပ်ငန်းတွေကိုလည်း ပြည်သူပိုင် သိမ်းပစ်ရမယ်” ဟူသော စကားကိုပါ ဖတ်ရင်းတစ်မုဟုတ်ချင်း သတိရလာသည်။

“ဟင် ကိုအေးဆွေ၊ ရောက်နေတာ ကြာပလား”

ခင်သန်းဋ္ဌေး၏ နှုတ်ဆက်လိုက်သံကြောင့် ကိုအေးဆွေသည် သတင်းစာထဲတွင် စိတ်ဝင်စားနေရာမှ မျက်နှာချင်းဆိုင်တွင် ရောက်နေသော ခင်သန်းဋ္ဌေးအား မော့ကြည့်လိုက်သည်။

“မကြာသေးပါဘူး ဋ္ဌေးဋ္ဌေး”

ရွှန်းလဲ့တောက်ပသော မျက်လုံးလေးပိုင်ရှင် ခင်သန်းဋ္ဌေးကို မတွေ့မမြင်ရသည်မှာ ကြာပြီဖြစ်သမို့လည်း ယခုလို မြင်လိုက်ရလျှင်ပင် ကိုအေးဆွေ၏ ရင်သည် အလိုလို အေးမြ၍သွားလေသည်။

ကျောင်းသားဘဝကတိုင် ကိုအေးဆွေမှာ ဘယ်မျှပင် စိတ်ညစ်စရာ ရင်မောစရာများနှင့် ရင်ဆိုင်နေခဲ့ရသော်လည်း ခင်သန်းဋ္ဌေး၏ မျက်နှာလေးကို မြင်ရလေတိုင်း စိတ်ချမ်းမြေ့ကာ အေးမြ၍ သွားရသည်ချည်းပင်။ ယခုလည်း ရင်ထဲဝယ် အလိုလို အေးမြလာကာ စိတ်ကြည်၍လာလေသည်။

“ဘယ်က လှည့်လာသလဲ ကိုအေးဆွေ၊ ကိုအေးဆွေနဲ့ မတွေ့ရတာတောင် အတော်ကြာနေပြီ”

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**“တနင်္ဂနွေနေ့ဖြစ်၍ တက္ကသိုလ်နယ်မြေတစ်ဝိုက်သည် ငြိမ်သက်လျက်ရှိပေသည်။ သို့ရာတွင် အမျိုးသား ဘော်ဒါကျောင်းဆောင်၊ အမျိုးသမီး ဘော်ဒါကျောင်းဆောင်များ၌မူ အနည်းနှင့်အများ အသက်ဝင်လှုပ်ရှားလျက် ရှိလေသည်။ ကိုအေးဆွေသည် အမျိုးသမီးကျောင်းသူများနေထိုင်ရာ အင်းလျားကျောင်းဆောင် ဧည့်ခန်းမထဲသို့ ဝင်လာပြီးနောက် ခင်သန်းဋ္ဌေး၏ အရိပ်အယောင်ကို ရှာကြည့်သည်။ ထို့နောက် ကိုအေးဆွေသည် ဧည့်ခန်းတစ်နေရာရှိ စားပွဲကုလားထိုင်တွင် သွားရောက်ထိုင်ချလိုက်ပြီးလျှင် စားပွဲပေါ်ရှိ ၂၄-၂-၆၃ ရက် နေ့စွဲပါ ယနေ့ထုတ်သတင်းစာများမှ “မြန်မာပြည်ရှိ ဘဏ်အားလုံးကို . . .”**

# လားရှိုးမြို့၌ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

နေပြည်တော် မတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ လားရှိုးမြို့ရှိ မဟာဗောဓာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဗောဓာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မုခ်ဝအသီးသီးရှိ မုဒြာရုပ်ပွားတော်မြတ်များအား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ် (ကထိကဆရာတော်) ဘဒ္ဒန္တ ပါမောက္ခထံမှ အနုမောဒနာတရားများ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတို့၌ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြပြီး သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မူဆယ်မြို့ရှိ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက အဆိုပါမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဒုတိယအကြိမ် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်မရောမြို့ ရန်ကင်းတောင် ကျိုက်ထီးရိုးလေးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

ကျိုက်မရော မတ် ၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘိန်းဖျောကျေးရွာ ရန်ကင်းတောင် ပေါ်၌ တည်ထားကိုးကွယ်တော်မူသော ကျိုက်ထီးရိုးလေး စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူ ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘိန်းဖျောကျေးရွာကော့တာတောရကျောင်း ဆရာတော် ဘဒ္ဒန္တတေဇ မဟာထေရ်မြတ်ဦးဆောင်၍ ရန်ကင်းတောင် ကျိုက်ထီးရိုးလေးစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ ကြွရောက်တော် မူလာကြသည့် ဆရာတော်၊ သံဃာတော်များက တစ်ပေါင်းလပြည့် ဥပုသ်နေ့တွင် ရှစ်ပါးသီလတော်မြတ်နှင့် ဩဝါဒကထာများ ချီးမြှင့်ပေးတော်မူကြပြီး လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



ယင်းနောက် ရွှေထီးတော်အလှူရှင် ဦးအောင်ဌေး၊ ဒေါ်နွယ်နီဝင်း အမှူးပြု၍ စေတနာရှင်အလှူရှင်များက ရွှေထီးတော်ကို မင်္ဂလာအချိန်၌ မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ကာ စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့သည်။

ယနေ့သည် တပေါင်းလပြည့်နေ့ထူးနေ့မြတ် ဖြစ်သည့်အားလျော်စွာ ကျိုက်မရောမြို့ ဘိန်းဖျောကျေးရွာ ရန်ကင်းတောင်ပေါ်၌ တည်ထားကိုးကွယ်ပူဇော်မည့် ကျိုက်ထီးရိုးလေးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းမင်္ဂလာသို့ ဆရာတော် သံဃာတော်များ၊ ယောဂီသူတော်စင်များနှင့် ရပ်နီးရပ်ဝေးမှ ခုနစ်ရက် သားသမီး ဘုရားဒါယကာ ဒါယကာမများ စုပေါင်း၍ စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ခဲ့ကြရာ လာရောက်ကြည်ညိုသူ ပရိသတ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပေါင်မြို့နယ် ထန်းပင်ချောင်ကျေးရွာ၌ တည်ထားကိုးကွယ်ထားသော ဗုဒ္ဓဂါယာ မဟာဗောဓိစေတီ၌ ဘုရားဖူးသူများ စည်ကားလျက်ရှိ

ပေါင် မတ် ၅

မွန်ပြည်နယ် ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာ၌ တည်ထားကိုးကွယ်ထားသော ဗုဒ္ဓဂါယာ မဟာဗောဓိစေတီတော်မြတ်ကြီးတွင် တပေါင်းလပြည့်က ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပေါင်မြို့နယ်၌ နှစ်စဉ် တပေါင်းလပြည့်နေ့ရောက်တိုင်း မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများမှာ ဘုရားကျောင်းကန်များ၌ ဘာဝနာတရား ပွားများခြင်း၊ ကုသိုလ်ပြုခြင်း၊ စားသောက်ဖွယ်ရာမျိုးစုံတို့ကို စေတနာထက်သန်စွာ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းတို့ကို အေးချမ်းပျော်ရွှင်စွာ ပြုလုပ်လေ့ရှိသည်။

အဆိုပါနေ့တွင် ဗုဒ္ဓဂါယာ မဟာဗောဓိစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်း ဘာဝနာတရားများ ပွားများခြင်းတို့ကို အေးချမ်းစွာ ပြုလုပ်ကြပြီး စေတနာရှင် မြို့ခံအလှူရှင်များက ဘုရားဖူးလာသည့် ဧည့်သည်များအား စေတနာထက်သန်စွာဖြင့် မွန်ရိုးရာ အစားအသောက်များဖြင့် စတုဒိသာများ ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# မုဒုံမြို့နယ်၌ တပေါင်းလပြည့်နေ့ဘုရားပွဲတော်များ စည်ကားသိုက်မြိုက်စွာကျင်းပ

မုဒုံ မတ် ၅

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၃ ခုနှစ် တပေါင်းလပြည့်နေ့တွင် တန်ခိုးကြီးဘုရားစေတီများ၌ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မုဒုံမြို့နယ် ကမာဝက်မြို့ (ရှမ်းရွာ)၌ (၇၆) ကြိမ်မြောက် အောင်တော်မူဘုရား ဗုဒ္ဓပူဇနီယပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီ ကြွချီပူဇော်ခံယူပွဲ၊ ကျောက်တလုံးကျေးရွာ နဂါးမောက်တောင်တွင် တည်ထားကိုးကွယ်လျက်ရှိသော နဂါးမောက် ဆုတောင်းပြည့်စေတီတော်မြတ်၏ (၆၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ညောင်ကုန်းကျေးရွာအုပ်စု ပိုင်ကမာကျေးရွာ အနောက်ပိုင်း ရွှေတိဂုံပုံတူဘုရား ထီးတော်တင်လှူပွဲနှင့် ကျိုက်ကမော့လေး စေတီတော်ကြီး ထီးတော်တင်လှူပွဲကို တပေါင်းလပြည့်နေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်းနှင့် ကန်ကြီးစေတီတော် မင်္ဂလာကန်တော် ကန်ပတ်လမ်းတစ်လျှောက် လာရောက်လည်ပတ်အပန်းဖြေကြသူများ၊ ငါးအစာကျွေးသူများနှင့် စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျိုက်ထိုမြို့နယ် ဘုရားစေတီများ၌ တပေါင်းလပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား

ကျိုက်ထို မတ် ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် တပေါင်းလပြည့်နေ့၌ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည့် အခါကြီးရက်ကြီးတွင် ဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုများ ပြုလျက်ရှိကြသည်။



ထို့ပြင် တပေါင်းလပြည့်နေ့တွင် ပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် ကုသိုလ်ယူနိုင်ကြစေရန် ကျိုက်ထိုမြို့နယ်ရှိ တန်ခိုးကြီး ဘုရားများဖြစ်သည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၊ ကျိုက်ပေါလောမဲ့ရှင်တော်ဘုရား၊ မဟာမြတ်မုနိရုပ်ပွားတော်၊ ထိုင်တော်မူဂေါတမဘုရားတို့တွင် ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြောင်း သိရသည်။

ပြည့်ဖြိုး(ကျိုက်ထို)

# ပေါင်းစည်းဟန်ချက် စွမ်းအားတက်

**ခိုင်လေး (သရဖီ)**

ဌာနအဖွဲ့အစည်းအသီးသီးတွင် မူဝါဒ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်ပန်းတိုင် ကိုယ်စီရှိကြသည်။ အဆိုပါ ဌာနအဖွဲ့အစည်းများတွင် ရောက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် စုပေါင်းစွမ်းအားဖြင့် မိမိတို့ဌာနအဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ဆီသို့ ရောက်ရှိအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စုပေါင်းစွမ်းအားသည် ကြီးမားသောသဘာဝစွမ်းအားစုကြီးဖြစ်သည်။ ဌာနအဖွဲ့အစည်း၏ စုပေါင်းလုပ်ဆောင်ပေါင်းစည်းမှုစွမ်းအား ပိုမိုမြင့်မားလာလေ မိမိတို့ဌာနအဖွဲ့အစည်း၏ ရည်မှန်းချက်များကို အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်လေဖြစ်သည်။

ပေါင်းစည်းခြင်းဆိုရာ၌ ဝါသနာတူရာ၊ စိတ်ဆန္ဒတူရာချင်း ပေါင်းစည်းတတ်သည့်သဘောရှိသည့်အားလျော်စွာ တစ်ဦးချင်းစီ၏ စိတ်ထား၊ စေတနာ၊ အမူအကျင့်များ မှန်ကန်မှုရှိစေပြီး အလုပ်ကို တန်ဖိုးထားလေးစားမှု၊ ကိုယ်ချင်းစာတရားနှင့် ကိုယ်စိတ်နှစ်ပါးလုံး ယုံကြည်ချက်၊ ခံယူချက်အပြည့်ဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လိုမှုများ ဖြစ်တည်ပေါ်ပေါက်စေရေးသည် စုပေါင်းစွမ်းအားအတွက် အရေးကြီးသော အခြေခံအကြောင်းတရားတစ်ခုဖြစ်သည်။

**စုပေါင်းစွမ်းအားသည် တစ်ဦးချင်းစီကို အကျိုးဖြစ်ထွန်းစေ**

ပေါင်းစည်းမှုစွမ်းအား မြင့်မားရှင်သန်ရေးသည် တစ်ဦးချင်းစီ၏ စိတ်နေစိတ်ထား၊ အမူအကျင့်၊ ယုံကြည်ချက်၊ ခံယူချက်၊ စေတနာတို့ပေါ်တွင် များစွာမူတည်နေသည်။ တစ်ဦးချင်းစီ၏ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ နိုင်ငံသားကောင်းပီသမှုတို့ဖြင့် ကြီးမားကျယ်ပြန့်ပြီး စွမ်းအားပြည့်ဝသည့် စုပေါင်းစွမ်းအားကို တည်ဆောက်နိုင်မည်ဖြစ်သည်။ စုပေါင်းစွမ်းအားသည် တစ်ဦးချင်းစီကို အကျိုးဖြစ်ထွန်းစေနိုင်သကဲ့သို့ အဖွဲ့အစည်းနှင့် နိုင်ငံတော်ကိုလည်း အကျိုးဖြစ်ထွန်းစေနိုင်သည့် အဓိကကျသောအရာတစ်ခုဖြစ်သည်။

မည်မျှပင်ကြီးမားသောစိန်ခေါ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရသည်ဖြစ်စေ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် မိမိဌာနအဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ဆီသို့ လွယ်ကူအောင်မြင်စွာရောက်ရှိအောင် လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ တစ်ဦးချင်းစီ၏ အတွေ့အကြုံအကြံဉာဏ်များကို ထပ်ဆင့်ဖြန့်ဝေဖလှယ်ခြင်းဖြင့် စွမ်းအားသစ်၊ အကြံသစ်၊ ဉာဏ်သစ်များ တိုးပွားလာနိုင်စေမည်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်တွေ့ကြုံလာနိုင်သော အခက်အခဲပြဿနာများကို ညီညွတ်သောစုပေါင်းစွမ်းအားဖြင့် ဆောင်ရွက်ကြမည်ဆိုပါက အောင်မြင်မှုရလဒ်အဖြစ် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော လုပ်ငန်းခွင်ဖြစ်ပေါ်လာစေမည်ဖြစ်မည်။

ငယ်စဉ်ကာလ မူလတန်းကျောင်းသားဘဝမှာ လေ့လာသင်ယူခဲ့ရသော သင်ခန်းစာပါ အကြောင်းအရာတစ်ခုကို ဥပမာထားပြောကြားလိုသည်။ ယင်းသင်ခန်းစာတွင် အဘိုးအိုနှင့် သားသုံးယောက်အကြောင်းဖြစ်သည်။ သားသုံးယောက်သည် တစ်ဦးနှင့်တစ်ဦး မသင့်မြတ်ဖြစ်နေကြသည်။ အဘိုးအိုက ထင်းစည်းတစ်စည်းကို ယူလာစေပြီး သားသုံးယောက်ကို အလှည့်ကျတစ်ဦးစီ ထင်းအစည်းလိုက် ချိုးစေရာ သားတို့သည် အားထုတ်၍ ချိုးသော်လည်း ထင်းစည်းက မကျိုးနိုင်ကြောင်း၊ ထိုအခါ အဘိုးအိုက ထင်းစည်းကို ဖြေစေပြီးမှ ထင်းတစ်ချောင်းစီကို ချိုးခိုင်းခဲ့ရာ အလွယ်တကူ ချိုး၍ရကြောင်း၊ စုပေါင်းစွမ်းအားသည် အရေးကြီးကြောင်း၊ စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း၊ စုပေါင်းစွမ်းအားကို အလွယ်တကူဖျက်ဆီး၍ မရနိုင်ကြောင်း ထင်းစည်းဥပမာဖြင့် လေ့လာသင်ယူခဲ့ရဖူးပါသည်။ အထက်တန်းကျောင်းသားဘဝတွင် ဟိုက်ဒရိုဂျင်နှစ်ဆနှင့် အောက်ဆီဂျင်တစ်ဆ ပေါင်းစည်းမိပါက သတ္တဝါများ အသက်ရှင်ရပ်တည်ရန် မရှိမဖြစ်လိုအပ်သော $H_2O$ ဆိုသည့် ရေကို ရရှိကြောင်း လေ့လာသင်ယူခဲ့ရပါသည်။ လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ထမ်းဆောင်ချိန်တွင် မိမိတစ်ဦးတည်းစွမ်းအားဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းထက် အထက်အောက်၊ ဘေးတိုက်ညှိနှိုင်းတိုင်ပင်ပြီး စုပေါင်းစွမ်းအားဖြင့် ဆောင်ရွက်ခြင်းက လုပ်ငန်းတာဝန်များကို ပိုမိုလွယ်ကူစွာဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

ပေါင်းစည်းမှုသည် အရေးပါသည့် စွမ်းအားတစ်ရပ်ဖြစ်၍ မိမိတို့နေထိုင်ရာ မြန်မာနိုင်ငံတော်ကြီး ကြီးပွားတိုးတက်အောင်မြင်စေရန် ကရင်ကတစ်မျိုး၊ ကချင်က တစ်ဖုံ၊ ရှမ်းကတစ်နည်း လုပ်နေ၍မရကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး ဝိုင်းဝန်းလက်တွဲပြီး စုပေါင်းညီညာအလုပ်လုပ်ကြရန် ဗိုလ်ချုပ်အောင်ဆန်းက ဩဝါဒစကားမှာကြားခဲ့သလို မိမိကိုယ်ကိုကောင်းအောင် ကြိုးစားရင်း မိမိဌာနအဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားအောင်မြင်စေရန် စုပေါင်းစွမ်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

> **“မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းမွန်ပြီး လူဦးရေ ၅၅ သန်းကျော်နေထိုင်ပြီး အသက် (၁၈) နှစ်အထက် လူဦးရေ ၃၇ သန်းကျော်ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ပေါများသည့်နည်းတူ စိုက်ပျိုးမြေများလည်း များစွာရှိသကဲ့သို့ မြေပေါ်မြေအောက်သယံဇာတများစွာရှိပြီး စက်မှုလုပ်ငန်းနှင့်ဆက်စပ်နေသည့် တွင်းထွက်ပစ္စည်းများလည်း နေရာအနှံ့တွင် တည်ရှိပါသည်။ သဘာဝက ပေးထားသည့် အဖိုးတန်မြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိစွာပေါင်းစည်းအသုံးချမည်ဆိုပါက နိုင်ငံတော်ကြီး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်”**

> **“ပေါင်းစည်းမှုစွမ်းအား မြင့်မားရှင်သန်ရေးသည် တစ်ဦးချင်းစီ၏ စိတ်နေစိတ်ထား၊ အမူအကျင့်၊ ယုံကြည်ချက်၊ ခံယူချက်၊ စေတနာတို့ပေါ်တွင် များစွာမူတည်နေသည်။ တစ်ဦးချင်းစီ၏ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ နိုင်ငံသားကောင်းပီသမှုတို့ဖြင့် ကြီးမားကျယ်ပြန့်ပြီး စွမ်းအားပြည့်ဝသည့် စုပေါင်းစွမ်းအားကို တည်ဆောက်နိုင်မည်ဖြစ်သည်။ စုပေါင်းစွမ်းအားသည် တစ်ဦးချင်းစီကို အကျိုးဖြစ်ထွန်းစေနိုင်သကဲ့သို့ အဖွဲ့အစည်းနှင့် နိုင်ငံတော်ကိုလည်း အကျိုးဖြစ်ထွန်းစေနိုင်သည့် အဓိကကျသောအရာတစ်ခုဖြစ်”**

ရေစက်ရေပေါက်တို့ ကောင်းကင်မှ အကြိမ်ကြိမ်သက်ဆင်း၍ ပေါင်းစည်းခြင်းအားဖြင့် မြစ်ချောင်းအင်းအိုင်မှသည် ပင်လယ်အထိဖြစ်လာနိုင်သည်။ မြက်တစ်ပင်သည် တိရစ္ဆာန်အစာသာ ဖြစ်နိုင်သော်လည်း ထိုမြက်တို့ကို ပေါင်းစုကျစ်လျစ်စေကာ အင်အားအဖြစ်အသုံးပြုပါက ဆင်ပြောင်ကြီးကိုပင် မလှုပ်နိုင်အောင် ချည်တုပ်နိုင်မည်ဖြစ်သည်။ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်နိုင်သကဲ့သို့ ဝါးတစ်လုံးတည်းဖြင့်လည်း တံတားဆောက်၍ မရနိုင်ပါ။ တစ်ခုတည်းသောအင်အားက လောကတွင် အရာမထင်သော်လည်း ပေါင်းစည်းမှု၏စွမ်းအားသည် အံ့မခန်းလောက်စရာပင်ဖြစ်သည်။

**စက်မှုလုပ်ငန်းနှင့် တွင်းထွက်ပစ္စည်းများ**

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းမွန်ပြီး လူဦးရေ ၅၅ သန်းကျော်နေထိုင်ပြီး အသက် (၁၈) နှစ်အထက် လူဦးရေ ၃၇ သန်းကျော်ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ပေါများသည့်နည်းတူ စိုက်ပျိုးမြေများလည်း များစွာရှိသကဲ့သို့ မြေပေါ်မြေအောက်သယံဇာတများစွာရှိပြီး စက်မှုလုပ်ငန်းနှင့် ဆက်စပ်နေသည့် တွင်းထွက်ပစ္စည်းများလည်း နေရာအနှံ့တွင် တည်ရှိပါသည်။ သဘာဝက ပေးထားသည့် အဖိုးတန် မြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိစွာပေါင်းစည်းအသုံးချမည်ဆိုပါက နိုင်ငံတော်ကြီး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ် ချမှတ်၍ နိုင်ငံတော်လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေးရည်မှန်းချက်အဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် ထူထောင်ရေးတို့ကို ချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ အထင်ကရနေ့ထူးနေ့မြတ်ကြီးဖြစ်သည့် စိန်ရတုပြည်ထောင်စုနေ့နှင့် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကို ပြန်လည်သုံးသပ်ပါက တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့၏ ဟန်ချက်ညီညီ ပေါင်းစည်းမှုဖြင့် စည်းလုံးညီညွတ်မှုစွမ်းအားကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ခဲ့သော သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။

**အဖွဲ့အစည်း၏စွမ်းအား**

လူတစ်ဦးချင်းစီ၏ စွမ်းရည်များကို စုပေါင်းခြင်းဖြင့် အဖွဲ့အစည်း၏စွမ်းအားကို ဖြစ်ပေါ်စေသကဲ့သို့ ဝန်ထမ်းတစ်ဦးချင်း၏ ကြိုးပမ်းအားထုတ်မှုများကို စုစည်းခြင်းဖြင့် ဌာနအဖွဲ့အစည်း၏ စွမ်းအားကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ပေါင်းစည်းမှုမရှိသော၊ စည်းလုံးညီညွတ်မှုမရှိသော မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံမျှ ကမ္ဘာပေါ်တွင် ကြာရှည်စွာ ရပ်တည်နိုင်ခြင်းမရှိပါ။ ရည်မှန်းချက်ပန်းတိုင်ဆီသို့ ရောက်ရှိစေရန် အတူတကွစုစည်းလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ အောင်မြင်မှုရရှိစေရန် ပေါင်းစည်းမှုသည် စွမ်းအားတစ်ခုအဖြစ် လိုအပ်လှသည်။ “ညီညာမှ ပြည်သာမည်” ဆိုသည့် မြန်မာ့ဆိုရိုးစကားအတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းစွမ်းအားဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အကောင်းဆုံးအရာများကို ပေါင်းစုခြင်းထက် မတူညီသည့်နယ်ပယ်အသီးသီးက တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေး၊ အရည်အချင်းများ၊ ထူးချွန်မှုများကို ကောင်းစွာသိရှိနားလည်သဘောပေါက်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို ဟန်ချက်ညီညီ မှန်ကန်စွာပေါင်းစည်းခြင်းဖြင့် ကြီးမားသည့် စွမ်းအားသစ်တစ်ရပ်ဖြစ်ပေါ်စေကာ လူမှုအဖွဲ့အစည်းကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

ခိုင်မာ၍ အစွန့်ရှည်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်အရည်အချင်းများနှင့်ပြည့်ဝသော နေရာအနှံ့အပြားမှ လုပ်သားအင်အားစုတို့ကို ခိုင်မာစွာပေါင်းစည်းခြင်းဖြင့် ထိရောက်ထက်မြက်သည့် စုပေါင်းစွမ်းအားသစ်တစ်ရပ် ဖြစ်ပေါ်လာစေပြီး စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ပါက နိုင်ငံတော်တည်ဆောက်ရာတွင် အောင်မြင်တိုးတက်မှုများ မလွဲမသွေရရှိလာမည်ဖြစ်သည်။

နိုင်ငံတော်ရှိ မြေသယံဇာတ၊ ရေသယံဇာတ အခြေခံကောင်းများနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ကို အကျိုးရှိစွာအသုံးချပြီး ညီညွတ်သည့် စုပေါင်းစွမ်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး အကောင်းဆုံးပေါင်းစည်းလုပ်ဆောင်ကြမည်ဆိုပါက နိုင်ငံတော်ကြီး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား- နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းများမှ ကောက်နုတ်ချက်များ**

**Myanmar.gov.mm,https://myanmar.gov.mm>ministry**

# ပီအက်စ်ဂျီရဲ့ ဂိုးသွင်းစံချိန်မှတ်တမ်းကို ပိုင်ဆိုင်ခွင့်ရရှိခဲ့တဲ့ အမ်ဘတ်ပီ



ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းဖလားပြိုင်ပွဲမှာ ငွေကြေးအများဆုံးသုံးစွဲနိုင်တဲ့အသင်း ဖြစ်တာနဲ့အညီ နာမည်ကြီးကစားသမားတွေကို ပြောင်းရွှေ့ကြေးနဲ့ လစာ အများဆုံးပေးပြီး ခေါ်ယူခဲ့တဲ့ အသင်းတွေထဲက တစ်သင်းအပါအဝင်ပဲ ဖြစ်ပါတယ်။

အဲဒီလို ကစားသမားကောင်းတွေကို ခေါ်ယူနိုင်ခဲ့တာကြောင့်လည်း ပြင်သစ်ပထမတန်းဖလားပြိုင်ပွဲမှာ အောင်မြင်မှုအများဆုံးအသင်းအဖြစ် ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ကစားသမားကောင်းတွေကို ခေါ်ယူနိုင်ခဲ့တဲ့ ပီအက်စ်ဂျီအသင်းနဲ့အတူ လက်ရှိအချိန်မှာ အသင်းရဲ့ သမိုင်းတစ်လျှောက် သွင်းဂိုးစံချိန်မှတ်တမ်းသစ်ကို ပိုင်ဆိုင်ခွင့်ရရှိခဲ့သူကတော့ ပြင်သစ်ကြယ်ပွင့် တိုက်စစ်မှူး အမ်ဘတ်ပီ ဖြစ်ပါတယ်။

ပြင်သစ် တိုက်စစ်မှူး အမ်ဘတ်ပီဟာ မတ် ၄ ရက်ညပိုင်းက နန့်တက်စ်အသင်းကို ပီအက်စ်ဂျီအသင်းက လေးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ပီအက်စ်ဂျီကစားသမားဘဝ သမိုင်းတစ်လျှောက်မှာ ပြိုင်ပွဲစုံသွင်းဂိုး စုစုပေါင်း ၂၀၁ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

ဒါကြောင့် ပီအက်စ်ဂျီအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ် သွင်းဂိုးအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားတဲ့၊ ပီအက်စ်ဂျီအသင်းအတွက် ဂိုးပေါင်း ၂၀၀ သွင်းယူထားတဲ့ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီရဲ့ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘတ်ပီဟာ ပီအက်စ်ဂျီအသင်းနဲ့ နန့်တက်စ်အသင်းတို့ပွဲစဉ်မှာ သွင်းဂိုးစံချိန်မှတ်တမ်းဝင်ဖို့ သာမန်ပွဲကစားချိန်အတွင်း မစွမ်းဆောင်နိုင်ခဲ့ပေမယ့် နာကျင်အချိန်ပို နှစ်မိနစ်ရောက်မှ စံချိန်သစ်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ ဒီဇင်ဘာလအတွင်းက အသက် ၂၄ နှစ်ပြည့်ခဲ့တာဖြစ်ပြီး ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ကမ္ဘာ့ဖလားဗိုလ်လုပွဲ နှစ်ကြိမ် ပါဝင်ကစားခွင့်ရရှိခဲ့သူ ဖြစ်ပါတယ်။

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ပြီး ကာတာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲမှာတော့ ပြင်သစ်အသင်းအတွက် ဆုဖလားရယူမပေးနိုင်ခဲ့ပေမယ့် ဂိုးသွင်းအများဆုံး ကစားသမားဆုဖြစ်တဲ့ ရွှေဖိနပ်ဆုကိုတော့ ရရှိခဲ့တာဖြစ်ပါတယ်။

ဒ့ါပြင် ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း ပြင်သစ်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ တစ်ဖက်သုံးဂိုးစီ သရေကျပြီး ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ အာဂျင်တီးနားအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် တိုက်စစ်မှူး အမ်ဘတ်ပီကတော့ အဲဒီပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ အမ်ဘတ်ပီဟာ ပြင်သစ်အသင်းနဲ့အတူ ၂၀၂၁ ခုနှစ်က နေးရှင်းလိဂ်ဖလားကိုလည်း ရရှိခဲ့ဖူးတာဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ ၂၀၁၇ ခုနှစ်က မိုနာကိုအသင်းကနေ ပီအက်စ်ဂျီအသင်းဆီ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်းဖလား လေးကြိမ်ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ အခုဘောလုံးရာသီမှာ သွင်းဂိုး ၃၀ နဲ့ ဂိုးဖန်တီးမှု ရှစ်ကြိမ် ပြုလုပ်နိုင်ခဲ့တာကြောင့် ၂၀၂၂ ခုနှစ် တစ်နှစ်တာ ဖီဖာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ကာတင်သုံးဦးစာရင်းမှာ ထည့်သွင်းခံခဲ့ရသူဖြစ်ပေမယ့် အဲဒီဆုကိုတော့ အာဂျင်တီးနားအသင်းနဲ့အတူ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့တဲ့ ပီအက်စ်ဂျီအသင်းကစားဖော် မက်ဆီက ရရှိခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူး အမ်ဘတ်ပီဟာ နိုင်ငံအသင်းနဲ့အတူ ကမ္ဘာ့ဖလားဗိုလ်လုပွဲ နှစ်ကြိမ်မှာ တစ်ကြိမ်ဗိုလ်စွဲ၊ ပီအက်စ်ဂျီအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၄၇ ပွဲမှာ သွင်းဂိုး ၂၀၁ ဂိုး စသဖြင့် စံချိန်သစ်တွေရရှိထားပြီးဖြစ်တာကြောင့် လာမယ့်အနာဂတ်ကာလမှာ ဘယ်လိုစံချိန်သစ်တွေ ထပ်မံရရှိဦးမလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ဘုန်းမောက်အသင်းကို နောက်ကျသွင်းဂိုးတွေနဲ့ အနိုင်ရပြီး ဇယားထိပ်မှာ ငါးမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့တဲ့ အာဆင်နယ်

ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းဟာ မတ် ၄ ရက်ညပိုင်းက ဘုန်းမောက်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၆ မှာ ဘုန်းမောက်အသင်းကို ဦးဆောင်ဂိုးတွေ ခွင့်ပြုပေးခဲ့ရပြီး နောက်ကျသွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်မှာ ငါးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။



အာဆင်နယ်အသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်မှာ ဘုန်းမောက်အသင်းက ပွဲကစားချိန် တစ်မိနစ်မှာ ဘီလင်းရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၅၇ မိနစ်မှာ ဆီနီဆီရဲ့ သွင်းဂိုး ထပ်မံရရှိခဲ့လို့ အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းက ပွဲကစားချိန် ၆၂ မိနစ်မှာ ပါတေး၊ မိနစ် ၇၀ မှာ ဘင်ဝိုက်နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ခုနစ်မိနစ်မှာ နယ်လ်ဆင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့လို့ အာဆင်နယ်အသင်းက ဘုန်းမောက်အသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

# ဘိုင်ယန်မြူးနစ်နှင့် ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ပီအက်စ်ဂျီတိုက်စစ်မှူး နေမာ လွဲချော်မည်

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူးနေမာဟာ ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် ပီအက်စ်ဂျီအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ လွဲချော်မှာဖြစ်တယ်လို့ နည်းပြ ခရစ္စတိုဖီဂယ်တီယာက ပြောကြားခဲ့ပါတယ်။

ဘရာဇီးတိုက်စစ်မှူး နေမာဟာ ဖေဖော်ဝါရီ ၁၉ ရက်က လိုင်လီအသင်းကို ပီအက်စ်ဂျီအသင်းက လေးဂိုး–သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ညာခြေထောက် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နေမာအနေနဲ့ နောက်ထပ်နှစ်ပွဲအထိ ပါဝင်ကစားနိုင်ဦးမှာမဟုတ်ဘူးလို့ နည်းပြ ဂယ်တီယာက ပြောကြားခဲ့ပါတယ်။

မတ် ၈ ရက်မှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာ နေမာ လွဲချော်မှာဖြစ်ပေမယ့် တိုက်စစ်မှူး အမ်ဘတ်ပီနဲ့ မက်ဆီတို့ ပါဝင်လာမှာဖြစ်တယ်လို့ နည်းပြ ဂယ်တီယာက ပြောကြားခဲ့ပါတယ်။



# ရာသီကုန်တွင် လီဗာပူးအသင်းမှ တိုက်စစ်မှူး ဖာမီနို ထွက်ခွာမည်

လီဗာပူးတိုက်စစ်မှူး ဖာမီနိုဟာ ယခုဘောလုံးရာသီကုန်မှာ စာချုပ်သက်တမ်း ကုန်ဆုံးတော့မှာဖြစ်တဲ့အတွက် အသင်းကနေ ထွက်ခွာတော့မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၁ နှစ်အရွယ် တိုက်စစ်မှူး ဖာမီနိုဟာ ၂၀၁၅ ခုနှစ် ဇွန်လက ဟော်ဖန်ဟိမ်းအသင်းကနေ လီဗာပူးအသင်းဆီကို ပေါင် ၂၉ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ ဖာမီနိုဟာ လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ အီးအက်ဖ်အယ်လ်ဖလား၊ ကမ္ဘာ့ကလပ်အသင်းများဖလားတို့ကို ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဖာမီနိုဟာ လီဗာပူးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၃၅၃ ပွဲ ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၁၀၇ ဂိုးနဲ့ ဂိုးဖန်တီးမှုအကြိမ်ရေ ၇၀ ပြုလုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဖာမီနိုဟာ ယခုဘောလုံးရာသီမှာ ပြိုင်ပွဲစုံ ၂၆ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ကိုးဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။ လီဗာပူးအသင်းနည်းပြ ကလော့ကတော့ ဖာမီနိုကို အသင်းမှာ ဆက်ရှိနေစေရေး စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့ ဆန္ဒရှိတယ်လို့ ဆိုပါတယ်။



ငွေကြယ် - ရေးသားသည်


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၃ | ၃ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၈၉ ခန်း | ၃၆၆ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၃ ခု | ၅၀၉ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၂ စုံ | ၃၄၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

(ခ) **ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ကမ္ဘာ့ရေးရာ GLOBAL AFFAIRS အမှတ်(၁၈) (ဖေဖော်ဝါရီ၊ ၂၀၂၃) ထွက်ပြီ




၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်– ၁၈ တွင်

- တရုတ်–အမေရိကန်ဆက်ဆံရေး နစ်ဖက်မူဝါဒများအပေါ် လေ့လာသုံးသပ်ချက်
- တရုတ်–အမေရိကန်ဆက်ဆံရေး၏ ပစ္စုပ္ပန်နှင့် အနာဂတ်
- ဆွစ်ဇာလန်နိုင်ငံ၏ PR စနစ်နှင့် ညီညွတ်ကြီးဖက်ဒရယ်ဒီမိုကရေစီ
- ရေနံလုပ်ငန်းအပေါ် ဩဇာကျဆင်းသွားသည့် အမေရိကန်
- ပုန်ကန်ခံနေရသော နေမဝင်ဒေါ်လာနှင့် ဝင်ရိုးစုံမြင်ကွင်းသစ်
- မြန်မာပြည်နှင့် Cryptocurrency

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း–၀၁–၈၃၈၇၇၅၈


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)ရာထူး (၆၁)နေရာ အတွက် အောက်ပါသတ်မှတ်အရည်အချင်းကိုက်ညီသူများလျှောက်ထားနိုင်ပါသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ဘွဲ့ရရှိသူများသည် ၂၈–၂–၂၀၂၃ ရက်တွင် အသက် (၃၀)နှစ်၊ မဟာဘွဲ့ရရှိသူဖြစ်ပါက အသက် (၃၂)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။ .
(ဃ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
(င) အင်္ဂလိပ်စာရေးသားခြင်းနှင့် ဘာသာပြန်ဆိုခြင်းကျွမ်းကျင်ရမည်။
(စ) ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်းဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၂။ စာမေးပွဲဝင်ကြေး ငွေကျပ် ၁၀၀၀/–ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် ငွေစာရင်းအမှတ် MD–010408 သို့လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များအတွက် ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့လိပ်မူ၍ သက်ဆိုင်ရာစာတိုက် (သို့မဟုတ်) အမြန်ချောပို့များမှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ(Money Order)ဖြင့် ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၃။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါ စာရွက်စာတမ်းများပူးတွဲလျက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်သို့လိပ်မူ၍ အမြန်ချောပို့/စာတိုက်မှတစ်ဆင့်သော်လည်းကောင်း၊ တိုက်ရိုက်ပေးပို့၍သော်လည်းကောင်း ၅–၄–၂၀၂၃ ရက် အရောက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်–

(က) ကိုယ်ရေးရာဇဝင်အကျဉ်း၊ (လက်ရှိနေထိုင်လျက်ရှိသည့် လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များထည့်သွင်းရန်)
(ခ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ဃ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
(င) သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းတို့မှ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(စ) သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံချက်မူရင်း၊
(ဆ) (၁)လအတွင်း ရိုက်ကူးထားသည့် ရောင်စုံလိုင်စင် ဓာတ်ပုံ(၃)ပုံ၊ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(ဇ) ဝင်ကြေးငွေကျပ် (၁၀၀၀/–)ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်) ငွေလွှဲပြေစာမူရင်း၊
(ဈ) နိုင်ငံ့ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်၊ ဌာနထောက်ခံချက်။

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန www.moi.gov.mm တွင် ရယူနိုင်ပြီး လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ဟုလိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) lprd.addmin@gmail.com သို့ ၅–၄–၂၀၂၃ ရက်၊ ရုံးချိန်အရောက် နောက်ဆုံးထားပေးပို့လျှောက်ထားရပါမည်။

၅။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၆။ သတ်မှတ်ချက်ကိုက်ညီသည့် လျှောက်လွှာများအား စိစစ်၍ (မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာ)ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို သတင်းစာများမှ ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်) ဖုန်း–၀၆၇–၃၄၁၂၀၂၄၊ ၀၆၇–၃၄၁၂၁၀၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်လင်း[၉/တကန(နိုင်)၂၃၄၆၉၈]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ၀၉–၇၉၀၁၄၅၅၄၅

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်နေထက်လင်း[၉/လဝန(နိုင်)၂၅၃၂၂၇]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ၀၉–၇၉၀၁၄၅၅၄၅

## ပတ်စ်ပို့ပျောက်

ကျွန်မ မတင်မိုးဝေ[၉/တကန(နိုင်)၂၀၅၂၃၂]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ၀၉–၇၉၀၁၄၅၅၄၅

## ပတ်စ်ပို့ပျောက်

ကျွန်မ မနေခြည်ထွန်း[၉/တကန(နိုင်)၂၃၃၃၇၄]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ၀၉–၇၉၀၁၄၅၅၄၅


ပြင်ပ အလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ မှ ဧပြီလ၊ မေလ နှင့် ဇွန်လများတွင် အသုံးပြုရန်လိုအပ်သော စက်သုံးဆီ၊ ဒီဇယ်(ရိုးရိုး)–(၆၀၀၀၀)ဂါလန်နှင့် ဓာတ်ဆီ (92 Ron)–(၆၀၀၀)ဂါလန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် – (၆–၃–၂၀၂၃)ရက်နေ့မှ (၁၇–၃–၂၀၂၃)ရက်နေ့အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ – စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက် – (၁၇–၃–၂၀၂၃)ရက်နေ့၊ (၁၃:၀၀)နာရီ။

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း–၀၆၇–၄၁၀၂၁၀၊ ၀၆၇–၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)

၁။ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် လုံခြုံရေးဝန်ထမ်းဝန်ဆောင်မှုလုပ်ငန်း ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာစတင်ရောင်းချမည့်ရက်နှင့်အချိန် – ၆–၃–၂၀၂၃ ရက်မှ ၂၀–၃–၂၀၂၃ ရက်ထိ ညနေ(၄:၀၀)နာရီထိ
အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် – ၂၁–၃–၂၀၂၃ ရက် ညနေ(၄:၀၀)နာရီထိ
အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ – ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(မန္တလေး)
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်နှင့် အချိန်နေရာ – ထပ်မံကြေညာပါမည်

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် သတ်မှတ်တင်ဒါအာမခံကြေး PO ကို အိတ်ဖွင့်တင်ဒါတင်သွင်းသည့်ပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက နည်းပညာတက္ကသိုလ်(မန္တလေး)၏ ဖုန်း–၀၉–၂၅၆၁၂၉၈၆၊ ၀၉–၈၇၇၇၉၉၉၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မန္တလေး)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်တင့်တင့်လွင်[၁၂/ကမရ(နိုင်)၀၀၁၂၃၈]၊ Tint Tint Myanmar Group of Company နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိဖြူ[၇/ညလပ(နိုင်)၀၃၈၈၆၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

(၂၀–၁၁–၂၀၂၀) ရက်နေ့က ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းအိဖြူထံမှ ယုံကြည်အောင်ပြောဆို၍ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုပြီး ယူငင်သွားသော ငွေကြေး ၅၆၀၀၀၀၀၀၀/– (ငွေကျပ်သိန်းငါးထောင်ခြောက်ရာတိတိ)နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းအိဖြူသည် စမ်းချောင်းမြို့နယ်ရဲစခန်းတွင် (ပ)၅၀/၂၀၂၃ ရာဇသတ်ကြီးပုဒ်မ–၄၂၀ ဖြင့် ဒေါ်တင့်တင့်လွင် အပေါ် အမှုဖွင့်လှစ်ထားပါကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းအိဖြူ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းအိဖြူ[၇/ညလပ(နိုင်)၀၃၈၈၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသော်တာစိုး(စဉ်–၄၁၁၆)၊ LL.B, D.B.L, D.M.L, DA(PSY)**
**ဒေါ်ဇင်မာမြင့်အောင်(စဉ်–၁၆၁၁၃) LL.B**
**ဒေါ်ဝါဝါထွန်း(စဉ်–၁၆၀၆၃) LL.B**
**တရားလွှတ်တော်ရှေ့နေများ**
**ခြံအမှတ်–၆၄၊ D–၄၊ အဝေရာအိမ်ရာ၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၂၆၈၄၅၊ ၀၉–၄၀၀၅၂၄၁၀၇**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒတ်(၁၃)လမ်း၊ အမှတ်(၁၀၆၆/က)ဟုခေါ်တွင်သော (၆)ထပ်တိုက်အဆောက်အဦ၏ ပထမထပ် (၂–လွှာ)၊ အကျယ်အဝန်း(၁၈ပေ x ၅၄ပေ)ရှိတိုက်ခန်းနှင့် ရေမီးအစုံအလင်ပါဝင်သော ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေနု[၁၁/မပန(နိုင်)၀၄၃၅၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၁၁)**
**အမှတ်(၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၄၂၂၉၆**

## ဒေါ်သန့်စင်ဦး
### ကျောင်းဆရာမ(ငြိမ်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ Condo B၊ အခန်းအမှတ်(၄၀၇) နေ (ဦးသာပိန်-ဒေါ်ညွန့်စိန်)တို့၏သမီးကြီး၊ [ဦးသုအောင်(ခ) ဦးရှိ]၏ ဇနီး၊ ဦးထွန်းထွန်းလင်း-ဒေါ်ငြိမ်းမြအေး၊ (ဦးသိန်းဇော်)-ဒေါ်ငြိမ်းမြလှ၊ ဦးနေလင်းထွန်း-ဒေါ်သီတာအောင်၊ ဒေါ်နီလာအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၄-၃-၂၀၂၃ရက် ညနေ ၆:၂၂ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်း
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀၃/ဘီ)၊ ရတနာမြိုင်လမ်း၊ စံရိပ်ငြိမ်နှင့် Singapore နိုင်ငံနေ ဦးမြင့်သိန်း၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်စန်း အသက်(၉၁)နှစ်သည် ၄-၃-၂၀၂၃ ရက် (စနေနေ့) မွန်းလွဲ ၁၂:၁၂ နာရီတွင် ရန်ကုန်မြို့၊ သုခကမ္ဘာ ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**RIT (86) စင်ကာပူမှ သူငယ်ချင်းများ**

**ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ရွှေဝါ(၁)လမ်း၊ အမှတ်(၁၂၂/က)၊ မြေတိုင်းရပ်ကွက်အမှတ်(မြို့သစ်-ဂ)၊ မြေကွက်အမှတ်(၁၂၂/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်**

အထက်လိပ်စာပါ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးအေး(ဘ) ဦးထွန်းကြည်[၁၂/မရက(နိုင်)၀၂၁၈၇၃]အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ အဆိုပါမြေကွက်ကို ဒေါ်အေးအေးထံမှ ဒေါ်နီ[၈/ပခက(နိုင်)၀၂၆၀၃၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**(KHIN MAR LAR LAW FIRM)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ ဗိုလ်ဇင်ယော်(၃)လမ်း၊ မြေကွက်အမှတ်(၄၈၅)ဟုခေါ်တွင်သော (အလျား ၄၄ပေ x အနံ ၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်သန်း [၁၄/အဂပ(နိုင်)၀၃၅၈၇၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော၊ ခြေရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၄၈၈)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား ၂၂ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ဖြစ်သူမှ စင်ကာပူသံရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမြတ်မင်းထွဋ် [၁၄/အဂပ(နိုင်)၁၇၀၁၅၉]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)(LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B,D.B.L,D.I.L,D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မြင့်မြင့်စန်း** (၁၄/ဘကလ (နိုင်) ၀၅၅၀၃၁) ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

**ဒေါ်မြင့်မြင့်စန်း**၏သားဖြစ်သူ **မောင်ကျော်ကျော်သန်း** (၁၂/သဃက (နိုင်) ၁၈၇၆၅၀) သည် မိခင်ဖြစ်သူ**ဒေါ်မြင့်မြင့်စန်း**အား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် ဆုံးမမှုကိုနာခံခြင်းမရှိသောကြောင့် ယနေ့မှစ၍ **မောင်ကျော်ကျော်သန်း**အား သားအဖြစ်မှစွန့်လွှတ်လိုက်ကြောင်းနှင့် **မောင်ကျော်ကျော်သန်း**နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

**ဦးစနဝင်းအောင်** (B.Sc,H.G.P,C.B.L)
Higher Grade Pleader
(Lawyer Lc No.19147/ 1991)
**Al-Mezan (Law Firm)**
အမှတ် (၂၀၇)၊ (ပထပ်-ဝဲ)၊ ၃၂ လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့
09 786 786 053

## အလ္လာဟ် အရှင်မြတ်အမိန့်တော်ခံယူခြင်း
### ဦးသန်းဖေ(မြိတ်)
### ဗိုလ်မှူး(အငြိမ်းစား)
### O.T.S-29
### အသက်(၇၉)နှစ်

မြိတ်မြို့၊ ကံခေါင်းရပ်နေ [ဦးတင်ထွန်း(အငြိမ်းစား၊ ခရိုင်ပညာဝန်)]-ဒေါ်အောင်တို့၏ဒုတိယသား၊ [ဦးအေးမောင်(အကောက်ခွန်ကိုယ်စားလှယ်-ငြိမ်း)]-ဒေါ်မေကြည် (အထပြ-ငြိမ်း)၊ ဦးထွန်းဝေ-ဒေါ်လှညွန့် (Kinter)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းနေ ဦးအုန်းမြင့် -ဒေါ်မေမေခင် (အလပြ-ငြိမ်း)တို့၏ အစ်ကို၊ မကေသီငြိမ်း(MDG Co.,Ltd)၊ မကေသွယ်သန်း (ပြင်သစ်သံရုံး)တို့၏ ချစ်လှစွာသောဖခင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းမကြီး၊ အခန်းအမှတ်(၃/က)၊ တိုက်(၄၄၃)နေ ဒေါ်ခင်သွဲ့၏ ချစ်လှစွာသောခင်ပွန်း မိုဟာမ္မတ်ယူနွတ်စ် (ခ)ဦးသန်းဖေသည် ၃-၃-၂၀၂၃ (သောကြာနေ့) နံနက် ၀၀:၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ အလ္လာဟ်အမိန့်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ဂျွန်မာနမာဇ်အပြီး ရေဝေးကာဘာစတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးသားချင်းအသိမိတ်ဆွေများအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်ခင်အေး(သမဝါယမဦးစီးအရာရှိ-ငြိမ်း)
### (သမဝါယမဦးစီးဌာန)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၈၂၈) (မြေညီထပ်)နေ (ဦးမြ-ဒေါ်အေးစိန်)တို့၏သမီးကြီး၊ (ဦးညွန့်မောင်-ဒေါ်မြင့်မြင့်ခင်)တို့၏ သမီးချွေးမ၊ ဦးလှမျိုးမြင့်(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ခင်အေးသည် ၄-၃-၂၀၂၃ (စနေနေ့) နံနက် ၁၂:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၃-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်အမှတ်(D 3)၊ အခန်းအမှတ်(၂၀၁)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းမြင့်[၁၂/ဗဟန(နိုင်)၀၃၄၀၀၄]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်သက်ထားဆွေ[၁၂/ဗဟန(နိုင်)၀၈၇၆၀၂]က ၎င်းအမည်ဖြင့် အမည်ပြောင်းတိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၇၀၁)နေ ဦးဒီပါကိုကို [၁၂/ရကန(ပြု) ၀၀၁၇၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၇၆/၈၀)၊ တိုက် A-4 D၊ (၄ လွှာ)(တိုက်မျက်နှာမူလျှင်-ညာဘက်)တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်ဇင်နွယ်စိုး[၃/ကကရ(နိုင်) ၀၁၂၃၆၁]ထံမှ တိုက်ခန်းရောင်းဖိုးငွေအား အပြီးအပိုင်ပေးချေ၍ ဝယ်ယူခဲ့ပြီးဖြစ်ပါကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးညီလင်းဖေ** | **ဒေါ်ခြူးနန္ဒီစိုးမိုး** |
| **(စဉ်-၃၅၃၂၆)** | **(စဉ်-၅၀၆၉၂)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၈၅၀၈၅၈၅၈**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၈၈၂)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ အမည်ပေါက် တကကထာစော(MME-၄၈၁၁၂၃)ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်စိုးစိုးနွယ်[၁၄/ပတန(နိုင်)၁၁၄၆၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရဝင်း B.A, B.Sc(Hons), DBL(Credit), PGDL, LLB(Q), LLM(1st year)**
**(Commercial Law),(WIPO)(Switzerland) အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၅)**
**Moe Dae War Law Firm-မိုးဒေဝါလောဖန်းမ်**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ တောင်ပိုင်းရပ်ကွက်၊ အမှတ်(၁၀၀)ဟုခေါ်တွင်သော (အလျား၈၀ပေ x အနံ၂၀ပေ)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမြင့်သိန်း[၁၄/ဘကလ(နိုင်)၀၁၂၀၂၇]မှ တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းအောင်ဟိန်း [၁၂/သဃက(နိုင်)၀၄၀၆၁၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာလာသန်းမြင့်(LL.B, W.I.P.O)(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၇၁၆)**
**အမှတ်(၅၁)၊ အနော်မာ(၁)လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၁၈**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အမှတ်(၁၆/ခ)၊ စာတိုက်(၂)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ မှန်ခန်း(ခေါင်းရင်း)၊ (၁၂ပေ x ၅၀ပေ)ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စန်းဝင်း [၅/ပလန(နိုင်)၀၁၀၄၈၅]၊ ဒေါပုံမြို့နယ်၊ အမှတ်(၁၆/ခ)၊ စာတိုက်(၂)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ရန်ကုန်မြို့နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ကာလပေါက်ဈေးဖြင့် အပြီးအပိုင်ဝယ်ယူရန် (၃-၃-၂၀၂၃)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို အပြီးသတ်ချုပ်ဆိုမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးလှိုင် LL.B,LL.M(Civil Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၀၈)**
**အမှတ်(၃၁)၊ (ပ)ထပ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၁၃၄၄၃၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ တိုက်အမှတ်(၂)၊ အခန်း(၂၁)နေထိုင်သူ ဒေါ်နုနုအောင်[၁၂/မဂဒ(နိုင်)၀၉၁၄၆၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ (၄၅)ရပ်ကွက်၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၄၃၃)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀x၆၀)ရှိအနက်မှ ပေ(၂၂x၆၀)၊ ခေါင်းရင်းခြမ်းရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်တို့၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ခင်အေး(ISN-၂၆၄၆၂၇)မှ အမည်ပေါက်ပြီး ဦးမြင့်ဇော်[၁၂/အစန(နိုင်)၁၀၇၂၂၂]နှင့် ဒေါ်ဆန်းဆန်းငွေ [၁၂/အစန(နိုင်)၁၀၅၁၈၁]တို့မှ လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေသည် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေ၊ အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်နုနုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မို့မို့ထွန်း** | **ဒေါ်အိအိခိုင်** |
| **(စဉ်-၇၆၀၇)** | **(စဉ်-၁၂၉၆၅)** | **(စဉ်-၁၅၉၉၄)** | **(စဉ်-၁၆၀၇၅)** |

**(တရားလွှတ်တော်ရှေ့နေများ)**

| | | |
|---|---|---|
| **ဒေါ်စီစီဝင်း** | **ဒေါ်ချယ်ရီဇော်** | **ဒေါ်မာလာသန်းမြင့်** |
| **(စဉ်-၂၂၇၃၆)** | **(စဉ်-၄၄၃၉၃)** | **(စဉ်-၄၈၇၁၆)** |

**(အထက်တန်းရှေ့နေများ)**
**STAR FLOWER LAW FIRM အမှတ်(၄၉)၊ အခန်း(၅)၊ ဒုတိယထပ်၊ လမ်း(၄၀)၊ (ကမ်းနားဘလောက်)၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-266251266, 09-250326644**

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ❖ ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- ❖ နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- ❖ နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ❖ ကင်ဆာဖြစ်ပွားနိုင်ခြေကို ကာကွယ်ပေးခြင်း။
- ❖ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- ❖ သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ❖ ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- ❖ စိတ်ပျော်ရွှင်စေခြင်း။
- ❖ အရိုးအဆစ်တွေကို သန်မာစေခြင်း။
- ❖ ကိုယ်ခံစွမ်းအားကို တက်စေခြင်း။
- ❖ သွေးကြောထုံးတာကို သက်သာစေခြင်း။
- ❖ အစာခြေစနစ်ကို ကောင်းမွန်စေခြင်း။
- ❖ အသက်ကြီးရင် ဖြစ်တတ်သော မှတ်ဉာဏ်ယုတ်လျော့ခြင်းမဖြစ်အောင် ကာကွယ်ပေးခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တပေါင်းလပြည့်နေ့ ဆယ်အိမ်တန်းကမ်းခြေ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကား

**ကွမ်းခြံကုန်း မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်းကမ်းခြေ၌ တပေါင်းလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**စည်ကားများပြား**

"ဒီနေ့က တနင်္ဂနွေနေ့နဲ့ တပေါင်းလပြည့်နေ့ တစ်ရက်တည်းထပ်နေတာဆိုတော့ ကမ်းခြေကိုလာရောက်လည်ပတ်ကြသူများပြားပါတယ်။ ဒီနေ့ ရေစတက်ချိန်ကတော့ မွန်းလွဲ ၁ နာရီခွဲဖြစ်ပြီး ရေပြည့်ချိန် မွန်းလွဲ ၁ နာရီခွဲကနေ ရေကျချိန် ညနေ ၃ နာရီထိကို ရေကူးဆော့ကစားကြတဲ့ ကလေး၊ လူကြီးတွေနဲ့

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖**



ဆယ်အိမ်တန်းကမ်းခြေ၌ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# MNL ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိ



ရခိုင်ယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် မတ် ၅**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) တတိယနေ့ကို မတ် ၅ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

နိုင်ပွဲမရသေးသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းက ပွဲအစ ၁၂ မိနစ်အတွင်း သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍**


**ယနေ့ ဖတ်စရာ**

**တရုတ်နိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှု ၅ ရာခိုင်နှုန်းအထိ ပိုမိုဖွံ့ဖြိုးလာစေရန်ကြိုးပမ်း**

စာမျက်နှာ » ၁၃

**ပီအက်စ်ဂျီရဲ့ ဂိုးသွင်းစံချိန်မှတ်တမ်းကို ပိုင်ဆိုင်ခွင့်ရရှိခဲ့တဲ့ အမ်ဘတ်ပီ**

စာမျက်နှာ » ၂၅